# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၄၄)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

***စာမျက်နှာ ၃ ကော်လံ ၁*** ■



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ် ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင် ရိပ်သာ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
**အယ်ဒီတာ့ အာဘော်**
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

# အာဟာရဖွံ့ဖြိုးရေး တိုးမြှင့်လှုပ်ရှားဆောင်ရွက်ပေး

ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် နိုင်ငံသားများသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေ မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်သူတို့၏ အာဟာရအခြေအနေ မြင့်မားရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကိုမြှင့်တင်ပြီး ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှု မြင့်မားနေသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ အမျိုးသမီးများ အနေဖြင့် သံဓာတ် ဆေးပြားသောက်သုံးခြင်း၏ အကျိုးကျေးဇူးကို ပိုမိုနားလည် သဘောပေါက်၍ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ ထွန်းကားလာစေရန် ဖော်ဆောင်လျက်ရှိသည်။ ထို့ပြင် အသက်ငါးနှစ်အောက် ကလေးများကို အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးတတ်သည့် ဓလေ့ထွန်းကားလာစေရန်၊ သန်ချဆေးများ တိုက်ကျွေးခြင်းလုပ်ငန်းကို မူလတန်း ကျောင်းသားအရွယ် ကလေးများအားလုံး တစ်နှစ် နှစ်ကြိမ်နှင့် ကိုယ်ဝန်သုံးလအထက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား သန်ချဆေးများ တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားလာစေရန် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်နှင့် အိုင်အိုဒင်းဆား စားသုံးခြင်း၏ အကျိုးကျေးဇူးတို့ကို ပြည်သူများ သိရှိနားလည်ပြီး အိုင်အိုဒင်းဆားကို လိုလိုချင်ချင် စားသုံးချင်လာအောင် အာဟာရပညာ ဖြန့်ဖြူးပေးနေသည်။ ပြည်သူများအတွင်း၌ ကျန်းမာရေးကို အထောက်အကူပြုသည့် နေထိုင်စားသောက်မှု အလေ့အထများ ထွန်းကားလာစေရန်၊ အာဟာရပညာ ဖြန့်ဖြူးပေးနေရန် လိုအပ်သည်။ အာဟာရလွန်ကဲမှုမဖြစ်စေရေး၊ မျှမျှတတစားသုံးတတ်ရေး အတွက် အာဟာရဗဟုသုတများ သိရှိထားသင့်ကြပေသည်။

ပြည်သူလူထုအနေဖြင့် အာဟာရလွန်ကဲခြင်း၊ 'ဝ'ဖြိုးခြင်းတို့နှင့် နီးနွယ်နေသည့် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် ရက်သတ္တပတ် လှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၂–၉–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပာန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း–၁၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** –ရောဂန္တ ရကင်းဝေးကြပါစေ
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း–၅)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရေး နိုင်ငံအနှံ့ အဆင့်မြင့်ဆက်သွယ်ရေးကွန်ရက်များ ချိတ်ဆက်ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၁၁

**နေပြည်တော်၌** Myanmar Info-Tech ၏ e-Government **ဆိုင်ရာ လုပ်ငန်းများ စတင်ဆောင်ရွက်သည့် အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### ရှင်းလင်းပြောကြား

ရေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ရှင်းလင်းပြောကြားရာတွင် **(အပေါ်ပုံ)** ယခုအခါ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသည် အရေးကြီးပါကြောင်း၊ ICT နည်းပညာများတိုးတက်လာသည်နှင့်အမျှ e-Government, e-Business, e-commerce, e-Health, e-Education စသည့် အီလက်ထရွန်းနစ်စနစ်ဖြင့် ထုံမွမ်းထားသော လူမှုအဖွဲ့အစည်း e-Society ပေါ်ပေါက်လာပါကြောင်း။

ယခုဆိုလျှင် Myanmar Info-Tech ၌ ICT ကုမ္ပဏီပေါင်း ၅၀ ခန့် ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး e-Government Development Plan ကိုလည်း ပညာရှင်များက ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ e-Government လုပ်ငန်းများအကောင်အထည်ဖော်ရေးအတွက် နိုင်ငံအနှံ့အပြားတွင် အဆင့်မြင့် ဆက်သွယ်ရေး ကွန်ရက်များချိတ်ဆက်ပြီးဖြစ်သည့်အပြင် လိုင်းတိုးချဲ့ ချိတ်ဆက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဆက်သွယ်ရေးဆက်ကြောင်းများသည် Fibre နှင့် လည်းကောင်း၊ Micro Link နှင့်လည်းကောင်း၊ Satellite Link များနှင့်လည်းကောင်း၊ နိုင်ငံအနှံ့ ချိတ်ဆက်ပြီး ဖြစ်ပါကြောင်း၊ အစိုးရဌာနများအား ချိတ်ဆက်ပေးထားသည့် Government Network ပြီးစီးနေသကဲ့သို့ စီးပွားရေးလုပ်ငန်းများအတွက် Myanmar Info-Tech ၏ Services များလည်း အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါကြောင်း၊ ICT ကို ဒေသမရွေး အသုံးပြုနိုင်ရန်လည်း Public Access Center များထူထောင်ထားပြီး ဖြစ်သည့်အတွက် လုပ်ငန်းစနစ်များ ချမှတ်ရေးဆွဲ အကောင်အထည်ဖော် အသုံးပြုရန်သာ လိုအပ်ပါကြောင်း။

နိုင်ငံတော် အကြီးအကဲကလည်း IT လုပ်ငန်းများကို စိတ်ဝင်တစားပံ့ပိုးပေးနေကြောင်း၊ ယခုအခါမြန်မာနိုင်ငံအလယ်ပိုင်း၌ ရတနာပုံ ICT မြို့ကြီးတစ်မြို့ကို ထူထောင်ရန် Teleport များ Incubation Center ကို အနာဂတ်နိုင်ငံတော်ကြီးအတွက် စတင်ဆောက်လုပ်နေပြီး ဖြစ်ပါကြောင်း ပြောကြားသည်။

### အခက်အခဲများတင်ပြ

ထို့နောက် Myanmar Info-Tech ဥက္ကဋ္ဌ ဦးသိန်းဦးကနေပြည်တော်၌ Myanmar Info-Tech ရုံးခွဲဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ e-Government လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်သွားမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြပြီးဒါရိုက်တာအဖွဲ့ဝင်များက Myanmar Info-Tech နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ e-Government ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် Myanmar Info- Tech က ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ e-Government လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တွေ့ကြုံနိုင်မည့် အခက်အခဲများနှင့် ယင်းအခက်အခဲများ လျော့ပါးအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက e-Government ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး မေးမြန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ Myanmar Info-Tech ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှင်းလင်း ဖြေကြားကြသည်။

### ဆက်သွယ်နိုင်

Myanmar Info-Tech သည် နေပြည်တော်ရှိဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အဆောက်အအုံ၌ လုပ်ငန်းဆောင်ရွက်ရန်ဌာန ဖွင့်လှစ်ထားပြီးဖြစ်ရာ ဖုန်းနံပါတ် ၀၆၇–၄၀၇၄၃၅ ၊ ဖက်(စ်) ၀၆၇–၄၀၇၄၃၆ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကံ့ကော်မြိုင်သာသနာ့ရိပ်သာ ဘုံကထိန်သင်္ကန်းကပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

သင်္ဃန်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်၌ အောက်တိုဘာ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ရန် ပစ္စည်းလေးပါး ထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။ **(၃၅၂)**



**စက်တင်ဘာ ၆ ရက်က နှစ်ဖက်သော မိဘများအား ရည်စူး၍ အထက (၁) သင်္ဃန်းကျွန်း မြို့နယ်နေ ဦး အောင် တိုး (အလုပ်ရုံ ခွဲမှူး–ငြိမ်း)–ဒေါ်ခင်သင်းရီ အထက (၁) သင်္ဃန်းကျွန်း မိသားစု တို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ထာဝရဆေးပဒေသာပင်အလှူငွေကျပ် တစ်သိန်းကို ဆေးရုံအုပ်ချုပ်ရေးမှူးထံပေးအပ်လှူဒါန်းစဉ်။** (က–ပ)



## လက်ခံတွေ့ဆုံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

**■ ရှေ့ဖုံးမှ**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပြည်နယ်နှင့် တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၁

**၂၀၀၆ ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့ (က)အဆင့်နှင့် အဋ္ဌမအကြိမ် ပြည်နယ်နှင့် တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်း (ခ)အဆင့်နှင့် (ဂ)အဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့ညနေ ၄ နာရီတွင် မန္တလေးမြို့ ဗထူးအားကစားကွင်းအတွင်းရှိ အားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက် နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယက မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။**

**အားပေးကြည့်ရှု**

ဒုတိယနေ့ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် လိုက်ဖလိုင်းဝိတ်တန်း (ဂ-အဆင့်)တွင် သံချောင်း(ဧရာဝတီ)နှင့် အောင်စစ်မင်း(ကရင်)၊ လိုက်ဝိတ်တန်း (ဂ-အဆင့်)တွင် သန်းဇော်(ဧရာဝတီ) နှင့် လှသန်း(ရန်ကုန်)၊ ဘင်တန်ဝိတ်တန်း (ခ-အဆင့်)တွင် ကျော်သိန်းဦး (မန္တလေး)နှင့် ရွှေမိုးသီး(ကရင်)၊ ဖယ်သာဝိတ်တန်း (ခ-အဆင့်)တွင် ရှမ်းသွေးလေး (ရန်ကုန်)နှင့် ဒေါင်းသဲခြေ(ကရင်)၊ (က-အဆင့်) ပွဲစဉ်များအဖြစ် ဖလိုင်းဝိတ်တန်းတွင် ထစ်ချုံး(ဧရာဝတီ)နှင့် မိုးသီး(စစ်ကိုင်း)၊ ဘင်တန်ဝိတ်တန်းတွင် သိုးကောင်း(စစ်ကိုင်း)နှင့် စစ်သွေး(ကရင်)၊ ဖယ်သာဝိတ်တန်းတွင် မိုက်ခဲ(ကရင်) နှင့် ကျော်တင့်(စစ်ကိုင်း)၊ လိုက်ဝိတ်တန်းတွင် ပြည့်စုံ(စစ်ကိုင်း)နှင့် သတ္တိအောင်(ကရင်)၊ လိုက်ဝယ်လ်တာဝိတ်တန်းတွင် စောဝီလျှံသိန်း(စစ်ကိုင်း)နှင့် ဒေါင်းညိုလေး(ရန်ကုန်) တို့ အသီးသီးယှဉ်ပြိုင်ကစားကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များက တစ်ခဲနက် အားပေးကြည့်ရှုကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ လူသစ်တန်း အကောင်းဆုံးဆုရ ရွှေကြယ်လေး(ကရင်)၊ (ဂ-အဆင့်) အကောင်းဆုံးဆုရ သန်းဇော်(ဧရာဝတီ)၊ (ခ-အဆင့်) အကောင်းဆုံးဆုရ ရှမ်းသွေးလေး (ရန်ကုန်)၊ (က-အဆင့်) အကောင်းဆုံးဆုရ စစ်သွေး(ကရင်) တို့အား တာဝန်ရှိသူများက ဂုဏ်ပြုငွေနှင့် ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**ဆုများပေးအပ်**

ဆက်လက်၍ လူသစ်တန်းပြိုင်ပွဲအသင်းလိုက် ပထမဆုရ ကရင်ပြည်နယ်အား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း၊ (ဂ-အဆင့်)ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်အား ဗိုလ်မှူးချုပ်လှဝင်းက လည်းကောင်း၊ (ခ-အဆင့်)ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်အား မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က-အဆင့်) ပြိုင်ပွဲ တံခွန်စိုက်ဆုရ ကရင်ပြည်နယ်အား ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကလည်းကောင်း၊ ပြည်နယ်/တိုင်း ပြိုင်ပွဲ တံခွန်စိုက်ဆုရ ကရင်ပြည်နယ်အား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က လည်းကောင်း အသီးသီး ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စက်တင်ဘာ ၁၁ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် ဟင်းချက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုယ့်မင်းကိုယ်ချင်းအသင်းခွဲအား ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီစိန်က ဆုချီးမြှင့်စဉ်။** (က-ပ)





**ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့် ထိုင်းဘတ်ငွေ သုံးသန်းကို ပါမောက္ခချုပ် ဦးဇော်မင်းသိန်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ထိုင်းနိုင်ငံအစိုးရက အလှူငွေ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ထိုင်းနိုင်ငံအစိုးရက အလှူငွေ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal က အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ထိုင်းနိုင်ငံအစိုးရက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ လှူဒါန်းသည့် ထိုင်းဘတ်ငွေသုံးသန်းကိုပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းထံ ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်တို့ကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

**(သတင်းစဉ်)**

# စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများပိတ်ပစ်ရန် ကုလလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးတိုက်တွန်း

ဂျီနီဗာ စက်တင်ဘာ ၁၁

**အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းသူများအားထိန်းသိမ်းသည့် စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများကို လုံးဝပိတ်ပစ်ရန် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးလူစီအာဘာက စက်တင်ဘာ ၈ ရက်တွင် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းလိုက်သည်။**

အမေရိကန်သမ္မတ ဘုရှ်က စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများရှိကြောင်း ဗုဒ္ဓဟူးနေ့က ဝန်ခံလိုက်သည်။ အကျဉ်းသား ၁၄ဦးကိုလည်း ကျူးဘားရှိ အမေရိကန် ဂွမ်တာနာမိုအကျဉ်းစခန်းသို့ ရွှေ့ပြောင်းလိုက်ကြောင်းကြေညာသည်။

**ပါဝင်**

ထိုအကျဉ်းသား ၁၄ ဦးတွင် ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန်မြို့ကြီးများကို အကြမ်းဖက်တိုက်ခိုက်မှုတွင် ကြိုးကိုင်သူအဖြစ် သင်္ကာမကင်းရှိသူ ခါလစ်ရှိတ်မိုဟာမက်၊ အခြား အယ်လ်ခိုင်ဒါ ခေါင်းဆောင်နှစ်ဦးတို့ ပါဝင်ကြောင်း အမေရိကန်စစ်ဌာနချုပ်၏ ပြောကြားချက်အရ သိရသည်။

စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများရှိကြောင်း ဝန်ခံရန် အကြိမ်ကြိမ်ငြင်းပယ်ခဲ့ပြီးနောက် အမေရိကန်က ယင်းသို့ ထုတ်ဖော်ဝန်ခံခြင်းမှာ အံ့အားသင့်စရာ ဖြစ်သည်။

**တောင်းဆို**

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးလူစီအာဘာသည် ဂွမ်တာနာမို အကျဉ်းစခန်းနှင့် အခြားသောလျှို့ဝှက်အကျဉ်းစခန်းများ ပိတ်ပစ်ရန် ယခင်ကလည်း တောင်းဆိုခဲ့သည်။

**တင်ပြမည်**

ဂျီနီဗာ၌ စက်တင်ဘာ ၁၈ရက် စတင်မည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ရက်သတ္တသုံးပတ်ကြာ အစည်းအဝေး၌ ဂွမ်တာနာမိုအကျဉ်းစခန်းနှင့် ပတ်သက်သည့် အစီရင်ခံစာကို ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးမှူးများက တင်ပြမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**






ဖိလစ်ပိုင်နိုင်ငံရှိ ပေါက်ကွဲလုနီးဖြစ်နေသော မေယွန်မီးတောင်အား စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## ရှင်းလင်း

**လက်ဘနွန်ကမ်းခြေတစ်လျှောက်တွင် ပျံ့နှံ့လျက်ရှိသော ရေနံများအား ရှင်းလင်းနေကြသည်ကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ၆၆ဦး ဆေးရုံရောက်

**ဆိုးလ် စက်တင်ဘာ ၁၁**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် စက်တင်ဘာ ၈ ရက်က အဆောက်အအုံတစ်ခု၏ မြေအောက်ခန်းအတွင်းမှ ဓာတ်ငွေ့ယိုစိမ့်မှု မတော်တစ်ဆဖြစ်ပွားရာ လူ ၆၆ ဦး ထက်မနည်း ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း တောင်ကိုရီးယားနိုင်ငံရှိ အရေးပေါ် ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။

**ပြောကြား**

မြေအောက်ခန်းမှ ယိုစိမ့်ထွက်လာသော ဓာတ်ငွေ့များကို ရှူရှိုက်မိသူအများစုမှာ မအီမသာဖြစ်ခြင်း၊ အော့အန်ခြင်း စသည့်ဝေဒနာများခံစားခဲ့ရသည်ဟု ဆိုးလ်မြို့ရှိ မီးသတ်ဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

အချို့လူများမှာ အနည်းငယ် စိုးရိမ်ရပြီး အချို့မှာ စိုးရိမ်ရမှုမရှိကြောင်းလည်း အဆိုပါ မီးသတ်အရာရှိက ပြောကြားသည်။

အဆိုပါ မြေအောက်ခန်းရှိ ဓာတ်ငွေ့ပိုက်လိုင်းမှာ အခြားအသုံးများသော မြေအောက်ဓာတ်ငွေ့လိုင်းတစ်ခုနှင့် ဆက်သွယ်အသုံးပြုထားသဖြင့် ယခုကဲ့သို့ ဖြစ်ပေါ်ခြင်းဟုလည်း ၎င်းကပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကတ်ထရီနာမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် နယူးအော်လင်း၌ အလုပ်လက်မဲ့များရှိနေဆဲ

**ဟို့စတန် စက်တင်ဘာ ၁၁**

နယူးအော်လင်းမြို့ကို ပြီးခဲ့သည့်နှစ်က ကတ်ထရီနာမုန်တိုင်းတိုက်ခတ်ပြီး တစ်နှစ်ကျော် ကြာခဲ့သည့်အချိန်ထိ အလုပ်လက်မဲ့ ၈၀ရာခိုင်နှုန်းကျော် ရှိနေကြောင်း ရိုက်စ်တက္ကသိုလ်မှ ကွင်းဆင်းလေ့လာချက်တစ်ရပ်၌ ဖော်ပြသည်။

**ဖော်ပြထား**

စက်တင်ဘာ ၈ ရက်က ထုတ်ပြန်ခဲ့သော လေ့လာချက်၌ ကတ်ထရီနာ ဟာရီကိန်းမုန်တိုင်းဒဏ်ခံရသူ ၃၆၂ဦးကို လေ့လာမေးမြန်းခဲ့ရာ ၆၆ ရာခိုင်နှုန်းမှာ ကတ်ထရီနာမုန်တိုင်းတိုက်ခတ်မခံရမီ အချိန်ပိုင်းအလုပ်လုပ်ခဲ့သူများဖြစ်ပြီး ယခုအခါ အလုပ်လက်မဲ့များဖြစ်လျက်ရှိသည်ဟု ဖော်ပြထားသည်။

**သေဆုံး**

ပြီးခဲ့သည့်နှစ်က တိုက်ခတ်ခဲ့သည့် ကတ်ထရီနာမုန်တိုင်းကြောင့်နယူးအော်လင်းမြို့မှ ဒေသခံထောင်ပေါင်းများစွာ ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မက္ကဆီကို ပင်လယ်ကွေ့ကမ်းရိုးတန်း တစ်လျှောက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လူ၁၅၀၀ ခန့်သေဆုံးခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

**ယမန်နှစ်က ကတ်ထရီနာမုန်တိုင်း နယူးအော်လင်းမြို့ကို ဝင်ရောက်တိုက်ခတ်မှုကြောင့် အလုပ်လက်မဲ့ဖြစ်နေသူများအား စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# တရုတ်-အိန္ဒိယ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အောင်မြင်တိုးတက်

ပေကျင်း စက်တင်ဘာ ၁၀

**အိန္ဒိယ-တရုတ်စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းခဲ့ပြီး အိန္ဒိယကုမ္ပဏီများသည် တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများတွင် ပိုမိုဝင်ရောက်လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း အိန္ဒိယစက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဥက္ကဋ္ဌ အာဆီရှာဆာလီက ပေကျင်းမြို့တွင် စက်တင်ဘာ ၉ ရက်၌ ပြောကြားလိုက်သည်။**

ထို့အပြင် တရုတ်နိုင်ငံနှင့်အတူ အနာဂတ်ကာလတွင်ဆော့ဖ်ဝဲလ်များကို ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရေး အတွက်လည်း ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယခုကဲ့သို့ ပေကျင်း အိန္ဒိယကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး မြှင့်တင်မှုရေးရာကောင်စီ၏ တရုတ်နိုင်ငံဆိုင်ရာဥက္ကဋ္ဌ ဝမ်ဂျီဖိုင်ကလည်း အကျိုးအမြတ်များစွာရရှိသော အောင်မြင်မှုများဟု သုံးသပ်ပြောကြားသည်။

**ပြသ**

ပေကျင်းမြို့တွင် ယခုပြုလုပ်လျက်ရှိသည့် အိန္ဒိယထုတ်ကုန်ပစ္စည်းများပြပွဲတွင် အိန္ဒိယနိုင်ငံမှ စက်မှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းပေါင်း ၅၀ ကျော်တို့က ပါဝင်ပြသခဲ့ပြီး လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် အင်ဂျင်နီယာကဏ္ဍများကဲ့သို့သော နယ်ပယ် ၂၀ ခန့်တို့မှ ထုတ်ကုန်များလည်း ပြသခဲ့သည်။

နှစ်နိုင်ငံ အပြန်အလှန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလျင်မြန်စေရန်အတွက် သိပ္ပံနည်းပညာဆိုင်ရာ သုတေသနပြုမှုများတွင်လည်း တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟုအိန္ဒိယနိုင်ငံမှ သိပ္ပံနှင့်နည်းပညာဝန်ကြီး ကာပယ်ဆီဘေးက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှားအနောက်ပိုင်းတွင် ရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိငလျင်လှုပ်

**ဂျကာတာ စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းတွင် စက်တင်ဘာ ၉ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း ၊သို့ရာတွင် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်မှုမရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

**ပြောကြား**

အဆိုပါ မြေငလျင်လှုပ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုသတင်းမရရှိကြောင်း၊ အင်ဒိုနီးရှားကမ်းလွန်ပင်လယ်ရေမျက်နှာပြင်အောက် ၅၇၃ ကီလိုမီတာအနက်ကို ဗဟိုပြုလှုပ်သွားခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒအရာရှိ မူဟိုမင်က ပြောကြားသည်။

**သေဆုံး**

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်ငလျင်စက်ဝန်းအတွင်း ကျရောက်လျက်ရှိသည့် နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့် ဇူလိုင်လကလည်း ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခံရမှုကြောင့် လူ ၆၀၀ ခန့်သေဆုံးခဲ့ကြရသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားကျွန်းမြောက်ပိုင်းတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလကဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် လူ ၁၇၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ရိုက်တာ**



လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့ဝင်များ ရေကြောင်းမှ ပြန်လည်ရုပ်သိမ်းနေသည်ကို အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ ဟိုင်ဖာဆိပ်ကမ်း၌ စက်တင်ဘာ ၈ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လက်ဘနွန်ရှိအစ္စရေးတပ်ဖွဲ့ဝင်အားလုံး နှစ်ပတ်အတွင်းရုပ်သိမ်းရန်ရည်မှန်းထား

**ဂျေရုဆလင် စက်တင်ဘာ ၁၁**

လက်ဘနွန်တောင်ပိုင်းမှ ကျန်ရှိသော အစ္စရေးတပ်ဖွဲ့ဝင်အားလုံးကို ရက်သတ္တနှစ်ပတ်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် အစ္စရေးနိုင်ငံက ရည်မှန်းထားကြောင်းဖြင့် အစ္စရေးကာကွယ်ရေးဝန်ကြီး ပီရက်ဇ်က စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်ဟု ဂျေရုဆလင်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

**မူတည်**

အစ္စရေးတပ်ဖွဲ့များ နေရာတွင် အစားထိုး ဖြန့်ကြက်မည့် ကုလသမဂ္ဂနိုင်ငံစုံ တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ်၌ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှုက မူတည်လိမ့်မည်ဟုလည်း ၎င်းက ပြောဆိုသည်။

လက်ဘနွန်နိုင်ငံ အတွင်းတွင် မိမိတို့တပ်များ ဆက်လက်ထားရှိရန် မရည်ရွယ်ကြောင်း အစ္စရေးကာကွယ်ရေး ဝန်ကြီး ပီရက်ဇ်က ပြောဆိုသည်။

**ဝေဖန်ပြစ်တင်**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားတို့အကြား ၃၄ ရက်ကြာ တိုက်ခိုက်မှုနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံတွင် ကာကွယ်ရေးဝန်ကြီး ပီရက်ဇ်အား ဝေဖန်ပြစ်တင်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အရည်အသွေးမြင့် ကျောက်မီးသွေးစက်ရုံ ဂျပန်နှင့်အင်ဒိုနီးရှားတို့ပူးတွဲတည်ဆောက်မည်

ဂျကာတာ စက်တင်ဘာ ၁၁

**အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ပြည်နယ် တောင်ပိုင်းတွင် အရည်အသွေးမြင့်သော ကျောက်မီးသွေးများ ထုတ်လုပ်ရန် စက်ရုံတစ်ရုံပူးတွဲတည်ဆောက်ရေးကို အင်ဒိုနီးရှားနှင့်ဂျပန်နိုင်ငံတို့ စက်တင်ဘာ ၈ ရက်၌ သဘောတူညီလိုက်ကြသည်။**

ဂျပန်နိုင်ငံမှ ကိုဘေးစတီးလ် ကျောက်မီးသွေးစွမ်းအင် လုပ်ငန်းနှင့် အင်ဒိုနီးရှားနိုင်ငံပိုင် ပီတီအာရမင် ကျောက်မီးသွေးလုပ်ငန်းတို့က စက်ရုံတည်ဆောက်ရေးကို ပူးတွဲဆောင်ရွက်ကြမည်ဖြစ်သည်။

**ရည်မှန်းထား**

ကျောက်မီးသွေးများကို လျှပ်စစ်ဂျင်နရေတာများအတွက် အသုံးပြုနိုင်ရန် အရည်အသွေးမြှင့်တင်ပေးမည်ဖြစ်ပြီး ထိုစက်ရုံမှ အရည်အသွေးမီကျောက်မီးသွေးတန် ၁၀၀၀ နေ့စဉ်ထွက်ရှိရန် ရည်မှန်းထားသည်။

**ပြောကြား**

တစ်ကမ္ဘာလုံးတွင် ကျောက်မီးသွေးသုံးစွဲမှုလိုအပ်ချက် ပိုမိုများပြားလာသဖြင့် အရည်အသွေးမြင့်ကျောက်မီးသွေးများထွက်ရှိနိုင်ရေးအတွက် ဂျပန်နိုင်ငံက ကူညီပေးခြင်းဖြစ်ကြောင်း အဆိုပါ သဘောတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို တက်ရောက်ခဲ့သည့် ဂျပန်နိုင်ငံ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ပူရာနိုမိုယူဂင်တိုရိုက ပြောကြားသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် နှစ်စဉ် ကျောက်မီးသွေး တန်ချိန်သန်း ၁၇၀ ထုတ်လုပ်နိုင်ရန်လည်း ဂျပန်နိုင်ငံက အကူအညီပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ဂျီးရီးယား၌ ပိုလီယိုရောဂါကာကွယ်ရေး ယခုနှစ်၌ ဒေါ်လာသန်း ၃၀ သုံးစွဲ

**လေဂို့စ် စက်တင်ဘာ ၁၁**

နိုင်ဂျီးရီးယားနိုင်ငံတွင် ယခုနှစ်စကတည်းမှ စတင်ကာ ပိုလီယိုရောဂါကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၃၀ သုံးစွဲခဲ့ကြောင်း နိုင်ဂျီးရီးယားအမျိုးသားကာကွယ်ဆေးထိုးရေးစီမံကိန်း(အင်ပီအိုင်)မှ အရာရှိတစ်ဦးက စက်တင်ဘာ ၉ရက်၌ ပြောကြားလိုက်သည်။

**ကျဆင်းရေး**

နိုင်ဂျီးရီးယားနိုင်ငံ တစ်ဝန်းတွင် ပိုလီယိုရောဂါကာကွယ်ရေးနှင့် ရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းရှိအစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

ပိုလီယိုရောဂါကာကွယ်ရေးကို ၂၀၀၅ ခုနှစ်မှ ယခုနှစ်အထိ အမေရိကန်ဒေါ်လာသန်း ၂၀ ခန့်ပိုမိုသုံးစွဲခဲ့ရာ ၅၀ ရာခိုင်နှုန်းကျော် တိုးမြှင့်သုံးစွဲခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**မြင့်မား**

နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါဖြစ်ပွားမှုနှုန်း မြင့်မားသည့် နိုင်ငံလည်းဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# နှစ်ပေါင်း နှစ်ထောင်ခန့်က သားရေရှူးဖိနပ်များ တရုတ်အနောက်မြောက်ပိုင်းတွင်တွေ့ရှိ

ပေကျင်း စက်တင်ဘာ ၁၁

**တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကန်ဆုပြည်နယ် ဒွန်ဟန်အရပ်တွင် မြေအောက်မှ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်မှ သားရေရှူးဖိနပ် ခြောက်ရန်ကို တွေ့ရှိခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။**

ယခုတွေ့ရှိရသည့် သားရေရှူးဖိနပ်များသည် တရုတ်နိုင်ငံတွင် တွေ့ရှိသမျှ ရှူးဖိနပ်များ၌ ရှေးအကျဆုံးဖြစ်ပြီး ဟန်မင်းဆက် က ပြုလုပ်ခဲ့သော ပစ္စည်းများ ဖြစ်သည်ဟု ကန်ဆုပြည်နယ်မှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ရှောင်ကျန်က ပြောကြားသည်။

သားရေရှူးဖိနပ်များမှာ အသက် သုံးနှစ်မှ ခြောက်နှစ်အရွယ်ကလေးငယ်များအတွက် ပြုလုပ်ထားသည့် ဖိနပ်များဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ သားရေရှူးဖိနပ်များမှာ အဝါရောင်များဖြစ်ပြီး တိရစ္ဆာန်တို့၏ သားရေများဖြင့် ပြုလုပ်ထားသည်။

**ပြောကြား**

သားရေရှူးဖိနပ်များ၏ ပြုလုပ်မှုမှာ ယခုခေတ်သားရေရှူးဖိနပ်ပြုလုပ်မှုများနှင့် ကွာခြားမှုမရှိကြောင်း၊ လက်ရာကောင်းမွန်ကြောင်းလည်း ရှောင်ကျန်က ပြောကြားသည်။

**တွေ့ရှိ**

ထိုရှူးဖိနပ်များကို ရှာဖွေတွေ့ရှိရသည့်နေရာ၌ စာအုပ်များ၊ စာများနှင့်အခြား နေ့စဉ်သုံးပစ္စည်းများကိုလည်း တွေ့ရှိရကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ထိုင်းနိုင်ငံအလယ်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ

**ဗန်ကောက် စက်တင်ဘာ ၁၁**

ထိုင်းနိုင်ငံအလယ်ပိုင်း အယုဒ္ဓယပြည်နယ်တွင် စက်တင်ဘာ ၉ ရက်က လူလေးဦးပါ လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လူလေးဦးစလုံး ဒဏ်ရာရခဲ့ပြီး အနီးရှိဆေးရုံသို့ အလျင်အမြန် တင်ပို့လိုက်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ လေယာဉ်ငယ်မှာ စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က မတော်တဆဖြစ်ရပ်တစ်ခုကြောင့် လယ်ကွင်းတစ်ခုအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ငယ် ပျက်ကျခဲ့သည့် နေရာသည် အယုဒ္ဓယပြည်နယ် ဘန်ပင်ခရိုင်ရှိ ဘင်ဖိုမီးရထားဘူတာရုံအနီး လယ်ကွင်းတစ်ခု၌ ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



## မော်တော်ယာဉ်ကို အချိန်ကြာမြင့်စွာ တွန်းနိုင်သူနှစ်ဦး

ခရိုအေးရှား နိုင်ငံသားနှစ်ဦးက ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဒီဇိုင်းမျိုးစုံခြယ်ထားသည့် မော်တော်ယာဉ် တစ်စီးကို ၂၄ နာရီကြာအောင် မရပ်မနား တွန်းပြီး မြို့အနှံ့လှည့်လည်သွားလာခြင်းဖြင့် မော်တော်ယာဉ်ကို အချိန်အကြာဆုံး တွန်းနိုင်သူများအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်အောင် ကြိုးစားခဲ့ကြသည်။ **(ဝဲပုံ)**

**(အင်တာနက်)**



## အဆောက်အအုံ ခေါင်မိုးပေါ်က လက်ထပ်ပွဲ

ဘီလာရုပ်စ်နိုင်ငံ မင့်စ်မြို့ရှိ ၇၂ မီတာမြင့်သော အမျိုးသားစာကြည့်တိုက် ခေါင်မိုးပေါ်တွင် စက်တင်ဘာ ၉ ရက်က မင်္ဂလာမောင်နှံ ၁၁ စုံတွဲတို့ စုပေါင်းပြီး လက်ထပ်ပွဲ ကျင်းပခဲ့ကြသည်။

**(ယာပုံ)**

**(အင်တာနက်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး သင်ထောက်ကူပစ္စည်းများပေးအပ် အသိပညာဖွံ့ဖြိုးရေးဆောင်ရွက်ရမည့် နည်းလမ်းများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးသည် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ရွှေစာ ပုသိမ်ထီးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

**ထောက်ပံ့ငွေပေးအပ်**

ထိုမှတစ်ဆင့် ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးဖွားပြီး မိခင်များနှင့်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးမှာကြားပြီး အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပုသိမ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှုဆောင် ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာဦးထွန်းရီက အမျိုးသမီးများ မျိုးပွားအင်္ဂါများတွင် ဖြစ်တတ်သော ကင်ဆာရောဂါများ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လည်းကောင်း၊ အဖွဲ့ဝင်များက ကလေးသူငယ်များ ပြုစုစောင့်ရှောက်ခြင်းနှင့် အသိပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရမည့် နည်းလမ်းများ၊ အာဟာရဖွံ့ဖြိုးရေးနှင့် အိုင်အိုဒင်းဆား စားသုံးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

**လက်ခံရယူ**

ထို့နောက် ဒေါ်အေးအေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းသော ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း သင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူသည်။

ယင်းနောက် ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပုသိမ်-ရန်ကုန် ကားလမ်းပေါ်ရှိ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မူလတန်းကြိုကျောင်း၌ ကလေးသူငယ်များ ပြုစုစောင့်ရှောက်မှုလုပ်ငန်းကို ကြည့်ရှုအားပေးကာ ကလေးငယ်များအား ကစားစရာလက်ဆောင်များပေးအပ်၍ ကျောင်းဘက်စုံလုပ်ငန်းအတွက် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပုသိမ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးဖွားပြီး မိခင်များအား ကျန်းမာရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၉-၂၀၀၆ ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၁၅ | ၂။ | တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၆။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၅ | ၇။ | အကပြိုင်ပွဲ |
| ၈:၂၀ | ၈။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၃၅ | ၉။ | International Naws |
| ၈:၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ] |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၁၅ | ၆။ | ခံစားနားဆင် တေးဓာတ်ဝင် |
| ၁၇:၂၅ | ၇။ | **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ) |
| ၁၇:၃၀ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၁။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၈) |
| ၁၈:၅၀ | ၁၂။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၁၉:၀၅ | ၁၃။ | ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [ဝါသနာရှင်အဆင့်] (အမျိုးသမီး) |
| ၁၉:၂၀ | ၁၄။ | အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြောင်း သိကောင်းစရာ |
| ၁၉:၃၅ | ၁၅။ | ကြေးမုံရိပ်သွင်တေးနယဉ် |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း-၄) |




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ထောက်ကြန့်မြို့ တိလောကရပ်ကွက် သုခလမ်းနေ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးငြိမ်းထွန်း-ဒေါ်သန်းသန်းအေး၊ သမီး မေဇင်ကျော်၊ သား မောင်ရဲဝင့်ကျော် မိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ တာဝန်ခံ သီဟသုဓမ္မ မဏိဇောတဓရနှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ရွှေမြင်တင်ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်္ဂလာလမ်း အမှတ် ၅(က)နေ ဒေါ်တင်နွယ်က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး မန္တလေးတိုင်းနှင့်မကွေးတိုင်းရှိ ဥပဒေရုံးများ စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသည့် ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦးတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၃၁ ရက်က ရမည်းသင်းခရိုင် ဥပဒေရုံး၌ ခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရုံးလုပ်ငန်းများ၊ ဥပဒေရေးရာကိစ္စရပ်များ၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

**စစ်ဆေး**

ဆက်လက်၍ ဒုတိယရှေ့နေချုပ်များသည် မိတ္ထီလာခရိုင် ဥပဒေရုံး၌ ခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားပြီး မလှိုင်မြို့နယ် ဥပဒေရုံးနှင့် တောင်သာမြို့နယ် ဥပဒေရုံးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယရှေ့နေချုပ်များသည် တောင်သာမြို့နယ် ဥပဒေရုံး၌ မြင်းခြံခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရုံးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

**မှာကြား**

ဒုတိယရှေ့နေချုပ်များသည် စက်တင်ဘာ ၂ ရက်တွင် ညောင်ဦးခရိုင် ဥပဒေရုံး၌ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ် ဥပဒေအရာရှိများအား လည်းကောင်း၊ စက်တင်ဘာ ၃ ရက်တွင် မကွေးတိုင်း ဥပဒေရုံး၌ တိုင်းဥပဒေရုံးမှ ဥပဒေအရာရှိများအား လည်းကောင်း၊ မင်းဘူးခရိုင်နှင့် မကွေးခရိုင် ဥပဒေရုံးများမှ ဥပဒေအရာရှိများအား လည်းကောင်း တွေ့ဆုံ၍ ဥပဒေရုံးလုပ်ငန်းများကို မှာကြားကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယရှေ့နေချုပ်များက တင်ပြချက်များကို ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မုန်တိုင်းများ ဖြစ်ပေါ်ပြီး ရောဂါဘယထူပြောဖွယ်ရှိ

**အင်တာနက် သတင်းနှင့်ဓာတ်ပုံ**

ရာသီဥတုပြောင်းလဲမှုကြောင့် လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတို့တွင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း ကမ္ဘာ့ရာသီဥတု ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

**ယိုယွင်းပျက်စီး**

အဆိုပါဒေသများတွင် အနာဂတ်ကာလ၌ မုန်တိုင်းများကျရောက်ပြီး အပူချိန်ပြင်းထန်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ဖြစ်ပေါ်ကာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ပိုမိုဖြစ်ပေါ်လာမည်ဟုလည်း ၎င်းတို့က ပြောကြားသည်။

**ထိခိုက်မည်**

လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတို့တွင် ဂေဟစနစ်ပြောင်းလဲမှုကြောင့် အပင်နှင့်သတ္တဝါတို့ ဆိုးရွားစွာ ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ရမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ ထိခိုက်မည်ဖြစ်ကြောင်း နယူးအီကိုနောမစ်ဖောင်ဒေးရှင်းမှ ပညာရှင်တစ်ဦးဖြစ်သူ အင်ဒရူးဆမ်စ်က ပြောကြားသည်။

**ကြုံတွေ့ရဖွယ်**

ရာသီဥတုပြောင်းလဲမှုကြောင့် ကာရေဘီယံဒေသနှင့် လက်တင်အမေရိကတို့တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်ခြင်း၊ သောက်သုံးရေ ပြတ်လပ်ခြင်း၊ ရေလွှမ်းခြင်းနှင့် ရောဂါဘယထူပြောခြင်းများနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**



# မဒေါက်မြို့ စိုးရိမ်ရေမှတ်ကျော်ဆင်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၁

**စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၇၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အောက်သို့ ကျဆင်းနိုင်သည်ဟု သိရသည်။** (မြန်မာ့အလင်း)

## လက်ခံသိုလှောင်ကန်များ စစ်ဆေး



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မင်းဘူးမြို့နယ် ထောက်ရှာပင် ကမ်းနီရေနံမြေ၊ သံကန်တန်း အမှတ်(၂)၌ ရေနံစိမ်း လက်ခံသိုလှောင်ကန်များကို စစ်ဆေးစဉ်။**

(စွမ်းအင်)

# ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး နည်းလမ်းစုံဖြင့် ဆောင်ရွက် ပေတိမ်တွင်းများအပြင် ပေနက်ပိုင်းပါ ဆက်လက်ရှာဖွေတူးဖော်

နေပြည်တော် စက်တင်ဘာ ၁၁

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက မကွေးတိုင်း မင်းဘူးမြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေသို့သွားရောက်စစ်ဆေးရာ ရေနံမြေအစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာဦးကြည်ရှိန်က မန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှုအခြေအနေနှင့် မင်းလှမြို့နယ်အတွင်းရှိ ထန်းကိုင်းဒေသ၌ ပေတိမ်အစမ်းတွင်းများ တူးဖော်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်လှိုင်က ထန်းကိုင်းဒေသ၏ ပေတိမ်ပိုင်း ရေနံရရှိနိုင်မည့် အလားအလာများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာလုပ်ငန်း) ဦးသန်းထွတ်က တွင်းတူးစက်အခြေအနေများကိုလည်းကောင်း၊ အမှုဆောင် ဘူမိဗေဒအရာရှိ ဦးစိုးသိန်းက ထန်းကိုင်းဒေသ၏ ဘူမိဗေဒအနေအထားများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။**

ယင်းနောက် ဝန်ကြီးက ယနေ့ ကမ္ဘာ့ရေနံဈေးနှုန်းအဆမတန်မြင့်တက်လျက်ရှိရာ ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးစား ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ လက်ရှိ ထုတ်လုပ်လျက်ရှိသည့် ရေနံမြေဟောင်းများ၏ အထွက်နှုန်းကို မကျအောင် ထိန်းသိမ်းရမှာဖြစ်သလို တစ်ဖက်မှလည်း ရေနံမြေအသစ်များ ထပ်မံတွေ့ရှိရေးအတွက် ကြိုးစား ရှာဖွေတူးဖော်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး တွင်းတူးစက် နေရာချထားမှု အစီအစဉ်များ၊ ထန်းကိုင်းဒေသရေနံရှာဖွေရေးလုပ်ငန်း အဆင့်အလိုက် ဆောင်ရွက်သွားရမည့် စီမံချက်များကို ချမှတ်ပေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ် အတွင်းရှိ ထန်းကိုင်းဒေသသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အမှုဆောင် ဘူမိရူပဗေဒ အရာရှိ ဦးပြည်စိုးက ထန်းကိုင်းဒေသအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ ပြတ်ရွှေ့များနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ထန်းကိုင်းဒေသ အစမ်းတွင်း အမှတ်-E တူးဖော်ရန် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း အချိန်မီ ပြီးစီးရေးနှင့် ပေတိမ်တွင်းများအပြင် ပေနက်ပိုင်း အလားအလာများကိုပါ ဆက်လက်ရှာဖွေ တူးဖော်သွားနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်းဘူးမြို့နယ်အတွင်းရှိ ထောက်ရှာပင်/ကမ်းနီ ရေနံမြေ ရေနံစိမ်း လက်ခံ သိုလှောင်စခန်း သံကန် တန်းအမှတ်(၂)သို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးနုက ထောက်ရှာပင်/ကမ်းနီ ရေနံမြေ၏ ရေနံစိမ်းထုတ်လုပ်မှု၊ လက်ခံသိုလှောင်မှုနှင့် ရေနံချက်စက်ရုံသို့ ပို့လွှတ်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။ ယင်းနောက် ဝန်ကြီးက နိုင်ငံပိုင်ပစ္စည်းများ လေလွင့် ဆုံးရှုံးမှုမရှိစေရေး အထူးဂရုစိုက်ကြရန် မှာကြားပြီး သိုလှောင်ကန်များကို အပူပေးစနစ် တပ်ဆင်ထားရှိမှုနှင့် အပူပေး ဘွိုင်လာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ခြံစည်းရိုးကြက်ဆူပင်

ထို့နောက် ဝန်ကြီးသည် မင်းဘူးမြို့ မန်းရေနံမြေအတွင်းရှိ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိရာ ရေနံမြေ အထွေထွေမန်နေဂျာက ရေနံမြေအတွင်း ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီ အစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆုံတွေ့ရအောင်

အောင်မင်္ဂလာနက်သန်မြေတစ်ဝိုက်မှာဖြင့်
အောင်ဇေယျာစခန်းအညီ ကိုက်တာကြောင့်
လျှမ်းစည်သိုက်မြိုက်ပါတဲ့ ဒို့နေပြည်တော်၊

ပြည်ထောင်စုကိုတဲ့
ညီအောင်ပြုသနော် ရွှေမြန်မာတို့
ကြည်ကြည်သာ၊ တိုင်း၊ ပြည်နယ်သားတွေနဲ့
အားရရွှင်ပျော်။

သက္ကရာဇ်တော်၊ တွက်စစ်သော် ၁၃၆၈ပါပဲ
မြန်မာတို့ရိုးရာ အမွေအနှစ်ပေမို့
မသွေလှစ်ကာ တစ်ဆယ့်လေးကြိမ်ပ
အထင်ကရပြိုင်ပွဲပါနော်
အဆို၊ အက၊ အရေး၊ အတီး
အကျော်အမော်တွေက အမြောက်အမြား၊

အားရစရာ
များသဟာ၊ စေတနာ၊ ဝေဝေဆာလို့
အေးချမ်းသာယာ မြန်မာမှုတွေနဲ့
နေခြည်ဖြာ၊ ရွှေပြည်မှာ ဆုံတွေ့ရအောင်ကွယ်
သွားကြစို့လား။ ။

**မိခင် ရတနာဦး**
**(ယဉ်ကျေးမှုတက္ကသိုလ်-ရန်ကုန်)**



# သာကေတကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၁၀ရက် မွန်းလွဲ ၁နာရီက ဇင်္ဂမလမ်းရှိ မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ အကြိမ်(၁၀၀)နှင့် အထက်သွေးလှူရှင် သုံးဦးတို့အား ဂုဏ်ပြုဆုများကို တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တိုင်းအလုပ်အမှုဆောင်တို့က ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

### လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ အလှူရှင်များဖြစ်ကြသော သာကေတမြို့နယ် ဆီကုန်သည်ကြီးများအသင်း၊ ဦးလှဦး- ဒေါ်ငွေရီ အမှတ်(၁)ဈေး မြို့မိမြို့ဖများ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းပြီး သာကေတမြို့နယ် ဆန်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးငွေဦးနှင့် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စီးပွားရေး အထောက်အကူပြု အဖွဲ့တို့က ငွေကျပ် ငါးသောင်း၊ YD Co.,Ltd. စက်မှုဇုန်က ငွေကျပ် သုံးသောင်း၊ ကဏန်းလုပ်ငန်းရှင်များက ငွေကျပ် သုံးသောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ငွေက ငွေကျပ်ငါးထောင် လှူဒါန်းရာ ခရိုင်အတွင်းရေးမှူး ဦးဇော်အောင်နှင့် ခရိုင်တွဲဖက်အတွင်းရေးမှူး ဦးကိုကိုလတ်တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

**(၂၅၈)**

# မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ခုတွင် ကလေးငယ်များအား အာဟာရကျွေးမွေးခြင်း၊ ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ အိုင်အိုဒင်းဆား စမ်းသပ်စစ်ဆေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ တိုက်ကျွေးခြင်းတို့ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စက်တင်ဘာ၁၀ရက်ကဆောင်ရွက်ခဲ့ရာ အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီစိန်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်သီရိနွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမာနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (က-ပ)**



# မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းလွတ်သည့် နိုင်ငံအဖြစ် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်က ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁၁

**မြန်မာနိုင်ငံအလယ်ပိုင်း၌ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းခဲ့ပြီဖြစ်ကြောင်းကို မြန်မာနိုင်ငံမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်(OIE)သို့ ၂၀၀၆ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ရောဂါကင်းရှင်းကြောင်း အစီရင်ခံစာနှင့်တကွ ကြေညာချက်ပေးပို့ခဲ့သည်။ ယင်းကိစ္စကို စက်တင်ဘာ ၆ရက်တွင် မြန်မာနိုင်ငံရှိ နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။**

**ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)က မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ခဲ့သည်မှာ လေးလကျော်ကြာခဲ့ပြီဖြစ်ခြင်း၊ ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှုများအရ ရောဂါပိုးမတွေ့ရှိရခြင်း၊ အရပ်ဒေသအသီးသီး၌ ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှုများ၌လည်း ရောဂါပိုးမတွေ့ရှိရသည့် အခြေအနေများအပေါ် အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းလွတ်သည့်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိကြောင်း ကြေညာချက်ကို OIE Websiteတွင် ထုတ်ပြန်ဖော်ပြထားရှိကြောင်းဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။**

(သတင်းစဉ်)

● ကျောဖုံးမှ

## နေပြည်တော်လေဆိပ်၌ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့်ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အထူးလေယာဉ်သည် နံနက်၉နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော်ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)





## ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)

## ထိရောက်သောဆက်သွယ်မှုအတွက် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံကိန်းအရ အာဆီယံအတွင်းရေးမှူးချုပ်ရုံး အစီအစဉ်ဖြင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က အကောင်အထည်ဖော် ကျင်းပသည့် ထိရောက်သော ဆက်သွယ်မှုအတွက် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်၈နာရီခွဲက ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ ပတ်(ခ်)ရှိုင်ရယ်ဟိုတယ်၌ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံး IAI Unit မှ Technical Officer (Project) Mr. Agus Nugroho က နှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ Polytechnic မှ သင်တန်းဆရာနှစ်ဦး ဖြစ်ကြသည့် Ms. Christina Wong နှင့် Mr. Tan Kok Chee တို့က မိတ်ဆက်စကားပြောကြားကြသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသားအရာရှိ၂၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းတွင် ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှုတည်ဆောက်ရေး(Public Sector Capacity Building) သင်တန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရန်အဖွဲ့အစည်း (Focal Point) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် နောက်ထပ်သင်တန်း ငါးခုကို ၂၀၀၆ခုနှစ်အတွင်း ဆက်လက်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘုရားနှစ်ဆူ မိုးကုတ်ဝိပဿနာတရားစခန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူ မိုးကုတ်ရိပ်သာ၌ စက်တင်ဘာ ၂၃ရက်မှ၂၉ရက်အထိ ခုနစ်ရက်တရားစခန်းကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်း၌ ဆရာတော်အသျှင်ရေဝတ (နယ်လှည့် ဓမ္မကထိက၊ ကမ္ဘာ့ဌာနာစရိယ)က သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများ စက်တင်ဘာ ၂၂ရက် ညနေ ၅နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၉-၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | Asia Cross Country Rally တွင် အမျိုးသမီး ပထမဆုရှင်(1st Ladies Award) နှင့်တွေ့ဆုံခြင်း (ဒေါ်မြသောင်းဝေနှင့် သီတဂူဆန်း) |
| ၇:၃၀ | တေးဂီတအစီအစဉ် |
| ၇:၃၅ | လူငယ်နှင့် ကော်ဖီယဉ်ကျေးမှု |
| ၇:၄၅ | တေးဂီတအစီအစဉ် |
| ၇:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၀၀ | တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက |
| ၈:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅ | အောင်မြင်ကျော်ကြားမြန်မာ့ ရုပ်ရှင်ဒါရိုက်တာများ (ဒါရိုက်တာဝင်းထွန်းထွန်း နှင့် တွေ့ဆုံခြင်း) (ဒုတိယပိုင်း) |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၅၅ | သန့်ရှင်းငြိမ်သက် တွက်ချေကိုက်ဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့ |
| ၉:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၁၅ | ဆုရအက |
| ၉:၂၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၃၅ | တေးဂီတအစီအစဉ် |
| ၉:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၅၅ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင်(ဇော်ပိုင်နှင့် မိမိနေမင်းဝင်း) |
| ၁၀:၀၅ | ကင်ဆာရောဂါ သတိပြုစရာ |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၅၅ | **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး) |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | Sunday Talk |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### Champion League ဘောလုံးပွဲစဉ်များ

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၂:၃၀ | Barcelona-Sofia | 5-Series (Live) |
| ၁:၀၀ | PSV-Liverpool | 5-Sports (Live) |

## မြန်မာ့အသံမှ တရားတော် အသံလွှင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက် (စက်တင်ဘာ ၁၄ရက်) မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရောဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက "နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလေးသွယ်တရားတော်" ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ(၄)

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်း၊ အေးချမ်းတည်ငြိမ်သည့် လမ်းကြောင်းပေါ်သို့ ခိုင်ခိုင်မြဲမြဲရောက်ရှိအောင် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ၌ ထူထောင်စရာ၊ ပြုပြင်စရာလုပ်ငန်းများသည် မကုန်ခန်းနိုင်အောင်ပင်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် ကဏ္ဍစုံဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ပေးနေရပေသည်။

ခေတ်စနစ် ပြောင်းလဲတည်ဆောက်ရာ၌ မြော်မြင်နိုင်အား၊ ဦးဆောင်နိုင်အားရှိသည့် ခေါင်းဆောင်မှုကောင်း လိုအပ်သည်မှာ မှန်သော်လည်း နိုင်ငံတော်အစိုးရ တစ်ဖွဲ့တည်းက ဒိုင်ခံ၍ အစစ ရှန်းကန်လှုပ်ရှားနေ၍ လည်း မဖြစ်နိုင်၊ ဦးထမ်းပဲ့ထမ်း စေတနာထားပြီး ဝိုင်းဝန်းလုပ်ကိုင်ကြရန် လိုအပ်သည်။ ညီညွတ်မှုရှိရန် လိုအပ်သည်။ တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ စာနာမှုရှိရန်လိုအပ်သည်။ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုရှိပြီး သဟဇာတ ဖြစ်နေရန် အရေးကြီးသည်။



စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုန်လည်း တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရေး

တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ စက်မှုကဏ္ဍကိုလည်း တစ်ပြိုင်တည်းတိုးတက်လာရန် အားပေးထူထောင်ရမည် ဖြစ်သည်။ စက်မှုနိုင်ငံဖြစ်မှသာ ခေတ်မီ တိုးတက်သော နိုင်ငံအဖြစ် ပေါ်ထွန်းလာမှာ ဖြစ်သည်။

စက်မှုနိုင်ငံအဖြစ် ကူးပြောင်းထူထောင်ရာ၌ ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များ၏ အတတ်ပညာနှင့်အတွေ့အကြုံများမှာ များစွာအရေးပါရာ ပုဂ္ဂလိကစက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာအောင် စနစ်တကျ စုစုစည်းစည်း အားပေးပျိုးထောင်နိုင်ရန်အတွက် နိုင်ငံတော်ကပုဂ္ဂလိကစက်မှုဇုန် ၁၈ဇုန်ကို ထူထောင်မြှင့်တင်ပေးခဲ့သည်မှာ ၁၄နှစ်ခန့်ပင် ရှိပြီဖြစ်သည်။ နိုင်ငံတော်၌ ယခုကဲ့သို့ ပုဂ္ဂလိကစက်မှုဇုန်များအဖြစ် ခိုင်ခိုင်မာမာ စုစုစည်းစည်း ပေါ်ထွက်လာခြင်းသည် မြန်မာ့စက်မှုကဏ္ဍအတွက် ရှေ့သို့ တိုးတက်မည့် အလှည့်အပြောင်းမှတ်တိုင်ပင် ဖြစ်သည်ဟု ဆိုနိုင်သည်။

နိုင်ငံတော်က စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများကို အခြေခံ၍ ပုဂ္ဂလိက စက်မှုလုပ်ငန်းတစ်ရပ်လုံး တိုးတက်လာအောင် ဆက်လက် ဖော်ဆောင်အားပေးလျက် ရှိသည်။

**"တိုင်းပြည်တွင် အမှန်လိုအပ်သည့်ပစ္စည်းများ၊ ဈေးကွက်ရှိသည့် ပစ္စည်းများ ထုတ်လုပ်နိုင်မှသာ စက်မှုဇုန်တွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တယ်"**

**"စက်မှုဇုန်တွေဟာ သမားရိုးကျ ကုန်ထုတ်လုပ်မှုများဖြင့်သာ ကျေနပ်နေ၍မဖြစ်ဘဲ ထုတ်လုပ်နေကျ အမယ်ဟောင်းများကို အရည်အသွေးမြင့်မားသည်ထက် မြင့်မားအောင်၊ ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် တီထွင်ကြံဆ လုပ်ကိုင်ရမှာဖြစ်တယ်"**

**"ဒါ့အပြင် ထုတ်ကုန်အမယ်သစ်များကို တိုးချဲ့ထုတ်လုပ်နိုင်အောင်လည်း တီထွင်ကြံဆ ကြိုးပမ်းကြရမှာဖြစ်တယ်"**

**"လယ်ယာသုံးစက်ကိရိယာများကိုသာမက ပြည်သူများ လိုအပ်နေတဲ့ အခြားစက်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ရမှာဖြစ်တယ်"**

ဟူ၍ စက်မှုဇုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့သည်ကို မှတ်သားမိသည်။

ထို့ကြောင့်လည်း ယခုအခါ ပုဂ္ဂလိကစက်မှုဇုန်သုံးဇုန်ဖြစ်သည့် မန္တလေး၊ မုံရွာနှင့် အေးသာယာတို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း ခေတ်မီစက်ကိရိယာများကို နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် တပ်ဆင်ပြီး စက်ပစ္စည်းအစိတ်အပိုင်းများကို အရည်အသွေး အဆင့်အတန်းမီမီ ထုတ်လုပ်လာနိုင်သည်။ သံရည်ကျိုပုံလောင်းရာ၌ အသုံးပြုရသည့် မို(Mould) များကို လိုအပ်သလို ထုတ်လုပ်နိုင်သည့် ခေတ်မီ ပုဂ္ဂလိကစက်ရုံများလည်း ရှိလာသည်။ အခြေခံကျသည့် သံထည်ပစ္စည်း စက်မှုလုပ်ငန်းများ၌ ယခုကဲ့သို့ ခေတ်မီနည်းစနစ်များနှင့် ခေတ်မီစက်ကိရိယာများတိုးချဲ့ အသုံးပြုအစားထိုးနိုင်ခြင်းသည် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့သို့ ခုန်ပျံကျော်လွှားနိုင်ခြင်း ဖြစ်သည်။

လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ရေစုပ်စက်စသည့် လယ်ယာသုံးပစ္စည်းကိရိယာများအတွက်ရော၊ မော်တော်ကားနှင့် ရထားတွဲများ အတွက်ပါ မှာကြားအပ်နှံသည့် စက်အစိတ်အပိုင်းမျိုးစုံကို အဆိုပါ စက်မှုဇုန်များက ပိုင်ပိုင်နိုင်နိုင် ထုတ်လုပ်ပေးနေပြီ ဖြစ်သည့်အပြင် နိုင်ငံခြားမှ မှာကြားအပ်နှံသော စက်အစိတ်အပိုင်းများကိုပါ အဆင့်မီမီ ထုတ်လုပ်လျက်ရှိသည်မှာ လက်တွေ့ပင်ဖြစ်သည်။

ဤသို့ ပုဂ္ဂလိကစက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာအောင် နိုင်ငံတော်သည် မူဝါဒအရရော၊ လက်တွေ့အရပါ အားပေးပျိုးထောင်လျက်ရှိသည့် နည်းတူ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး အတွက်လည်း လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးလျက်ရှိသည်။ နိုင်ငံပိုင်အပိုင်းနှင့် ပုဂ္ဂလိကပိုင်အပိုင်းတို့ပူးပေါင်း၍ မြန်မာ့စက်မှုကဏ္ဍ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်အားကောင်းနေအောင် ဆက်လက် ကြိုးပမ်းသွားကြရမှာဖြစ်သည်။ နိုင်ငံတော်က အသေးစားစက်မှုလုပ်ငန်းများကို အလတ်စား၊ အလတ်စားများကို အကြီးစားအဆင့်အထိ တက်လှမ်းထူထောင်ရန် ရည်မှန်းထားသည်။ အရေးအကြောင်းကြုံလျှင် ပြည်ပအပေါ် မှီခိုအားထား မနေရဘဲ မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်သည့် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ပြည့်ပြည့်စုံစုံရှိရန် ဦးစားပေး ဆောင်ရွက်နေသကဲ့သို့ နိုင်ငံခြားသုံးငွေ ရှာဖွေပေးနိုင်သည့် ပို့ကုန်စက်မှုလုပ်ငန်းများကိုလည်း အရင်းအနှီးနှင့် အတတ်ပညာအပေါ်မှီ၍ ထူထောင်လျက်ရှိသည်။ ဤသို့ဖြင့် အဆင့်မြင့်သစ်အချောထည် စက်ရုံများ၊ လုပ်ခစားအထည်ချုပ် စက်ရုံမျိုးစုံ၊ ခေတ်မီသံမဏိ စက်ရုံများ၊ လယ်ယာသုံး စက်ကိရိယာစက်ရုံများ၊ ခေတ်မီ ချည်မျှင်နှင့်အထည်ချောစက်ရုံများ၊ စက္ကူစက်ရုံများ၊ ဆပ်ပြာစက်ရုံများ၊ ဆေးဝါးစက်ရုံများ၊ ဘိလပ်မြေစက်ရုံများ၊ အင်ဂျင်ဘလောက်တုံး စက်ရုံများ စသည်ဖြင့် ပေါ်ထွက်လာသည်။

ထို့ကြောင့် ယနေ့မြန်မာ့စက်မှုလက်မှုကဏ္ဍသည် နိုင်ငံတော်၏ အားပေးမှုများကြောင့် ကိန်းဂဏန်းစာရင်းဇယားများအရရော မျက်မြင် အနေအထားအရပါ ရှေ့သို့ အရှိန်အဟုန်ဖြင့် တိုးတက် အောင်မြင်လျက်ရှိသည်မှာ အထင်အရှားပင် ဖြစ်သည်။

**ဦးဇော်**

## နိုင်ငံခြား ငွေပေး၊ ငွေယူရှင်းတမ်းပိုငွေပြရေး

လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ သားငါးကဏ္ဍတို့၏ ထုတ်ကုန်များသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်နှင့်အမျှ ကုန်သွယ် ရောင်းဝယ်မှုပမာဏသည်လည်း တိုးတက်ဖွံ့ဖြိုးလာသည်။ နိုင်ငံတော်၏ နိုင်ငံခြားပို့ကုန်၊ သွင်းကုန်ရှင်းတမ်း၌ရော၊နိုင်ငံခြားငွေပေး၊ ငွေယူရှင်းတမ်းမှာပါ နှစ်စဉ် လိုငွေပြနေမှုများသည်၂၀၀၂-၂၀၀၃ခုနှစ်မှ စ၍ အဆုံးသတ်သွားပြီး ပိုငွေဆက်တိုက်ပြလာသည်မှာ ယခုဆိုလျှင် လေးနှစ်ကျော်နေပြီ ဖြစ်သည်။ အမြဲအနုတ်ပြခဲ့သည့် နိုင်ငံခြားကုန်သွယ်မှုရှင်းတမ်းနှင့် နိုင်ငံခြားငွေ အပေးအယူရှင်းတမ်းတို့၌ ပိုငွေပြလာနိုင်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်၏ စီးပွားဥစ္စာကို စောင့်ရှောက်မြှင့်တင် နိုင်ခြင်းပင်ဖြစ်ရာ သမိုင်းမှတ်တမ်းပြုအပ်သည့် နိုင်ငံတော်၏တိုင်းပြု ပြည်ပြု ဆောင်ရွက်ချက် တစ်ရပ်ဖြစ်သည်။

## လမ်းပန်းဆက်သွယ်မှုစနစ်ဖွံ့ဖြိုးရေး

ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတိုးတက်များပြားလာသည်နှင့်အမျှ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးသန်း သွားလာရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့အောင် စီမံဖန်တီးပေးလျက်ရှိသည်။

တပ်မတော်အစိုးရ မတိုင်မီက ဧရာဝတီမြစ်ကို အင်းဝတစ်နေရာ တည်းမှသာ ဖြတ်ကျော်နိုင်သည့် စစ်ကိုင်းတံတားကြီး တစ်စင်းသာရှိခဲ့သည်။ ယခုအခါ ဗလမင်းထင်၊ အနော်ရထာ၊ မကွေး၊ နဝဒေး၊ ဗိုလ်မြတ်ထွန်း၊ မအူပင်၊ ဒေးဒရဲတံတားသစ်ကြီးခုနစ်စင်းတို့ဖြင့် မြစ်ကြီးဧရာကို မြန်မာပြည်မြောက်ဖျားမှ တောင်ဖျားအတွင်း လိုအပ်သလို ဖြတ်ကူးနိုင်ပြီ ဖြစ်သည်။

ထို့အတူ သံလွင်မြစ်ကို ဖြတ်ကျော်သည့် တံတားဟောင်းနှစ်စင်း အပြင် တာကော်အက်၊ တာဆန်း၊ ဘားအံ၊ မော်လမြိုင်နှင့် တာပါးတံတားသစ်ကြီးငါးစင်း တည်ဆောက်ပေးပြီးဖြစ်၍ သံလွင်ကို ခုနစ်နေရာမှ လွယ်လင့်တကူ ဖြတ်သန်းသွားလာနေကြပြီ ဖြစ်သည်။ သံလွင်တံတား(မော်လမြိုင်)မှာ နိုင်ငံတော်၏ တံတားကြီးများ အနက် အရှည်ဆုံး၊ အကြီးဆုံး၊ အခက်ဆုံး၊ အလှဆုံးတံတားကြီးဖြစ်သည်။

အလားတူ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်တို့ကို ဖြတ်သန်းဆောက်လုပ်ပေးထားသည့် တံတားကြီးများ၊ ဒေသအသီးသီး၌ ရှိနေကြသည့် မြစ်များကို ဖြတ်သန်း တည်ဆောက်ပေးထားသည့် တံတားများ တစ်စင်းပြီး တစ်စင်း ဆက်တိုက်ပေါ်ထွန်းလာသည်။ ယခုဆိုလျှင် တံတားကြီးစာရင်းဝင် တံတားပေါင်း ၂၁၈စင်းအထိ အသစ် တည်ဆောက်ပေးထားပြီးဖြစ်သည်။

တံတားကြီးများနှင့်အတူ လမ်းမကြီးများလည်း ကွန်ရက်သဖွယ် ပေါ်ထွက်လာသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် မကွေးသို့ ကူးသန်းသွားလာနိုင်သည့် ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ပေးထားပြီးဖြစ်သည်။ ကျွန်းမြို့တစ်မြို့ဖြစ်သည့် ကျောက်ဖြူမြို့မှ ကုန်းတွင်းပိုင်း တောင်ကုတ်မြို့ကိုဖြတ်၍ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းသို့ ဆက်သွယ်သွားလာနိုင်သည့် ရန်ကုန်-ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီးလည်း ပေါ်ထွက်လာသည်။ အမ်းနှင့်မအီ လမ်းပေါက်ပြီဖြစ်၍ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဆက်သွယ်သည့် ပြည်နယ်ပတ်လမ်းမကြီးသည်လည်း ရန်ကုန်-စစ်တွေနှင့် ရန်ကုန်-ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီးများနှင့်အတူ ပီပီပြင်ပြင် ထင်ထင်ရှားရှား ရုပ်လုံးပေါ်ထွက်လာသည်။

ပြည်ထောင်စုကြီး၏ တောင်ဘက်ဖျား တနင်္သာရီတိုင်းနှင့် ကျန်ပြည်နယ်၊တိုင်းများ ဆက်စပ်လာစေရန် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း လမ်းမကြီးကို လည်းကောင်း၊ မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းကိုလည်းကောင်း ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်၍ ပြည်သူများ ဥဒဟိုသွားလာနိုင်ကြပြီ ဖြစ်သည်။

ထို့အတူ ရွှေဘို-မြစ်ကြီးနားလမ်း၊ မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ပူတာအိုလမ်း၊ ပျဉ်းမနား-ပင်လောင်းလမ်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ အောင်ပန်း-ရှာငံ-ဟန်မြင့်မိုရ်လမ်း၊ လဲချား-မိုင်းကိုင်-သီပေါလမ်း၊ ရပ်စောက်-နောင်ချိုလမ်း၊ ကျိုင်းတုံ-တာချီလိတ်လမ်း စသည့် ကားလမ်းသစ်များ တိုးပွားလာသည်။ ထို့အပြင် အောင်ပန်း-ပင်လောင်း-လွိုင်ကော်ရထားလမ်း၊ ရွှေညောင်-ရပ်စောက်ရထားလမ်း၊ ရွှေညောင်-တောင်ကြီး-နမ့်စန် ရထားလမ်း၊ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း၊ ပဲခူးရိုးမ အနောက်ဘက်ရထားလမ်းစသည့် ရထားလမ်းများသည်လည်း ထူးခြားစွာ ပေါ်ထွက်လာသည်။

ခြုံလိုက်လျှင် ပြည်ထောင်စုအရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှ တောင်ဖျား ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွားလမ်းသာ၍ လာလမ်းဖြောင့်သည့် လမ်းပန်းဆက်သွယ်မှုကွန်ရက်ကြီး ချိတ်ဆက်ဖြစ်တည်လာနေသည်မှာ ထင်ရှားသည့် သမိုင်းမှတ်တိုင်ပင် ဖြစ်သည်။

ပြည်နယ်/တိုင်း နယ်မြေအသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံတိုးတက်လာရန်မှာ အခြေခံအားဖြင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်နေရန် အရေးကြီးသည်။ လမ်းပန်းဆက်သွယ်မှု မကောင်းပါက စေတနာမည်မျှပင်ရှိပါစေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ပေး၍ မရသည်မှာ လက်တွေ့ဖြစ်သည်။

ထို့ကြောင့် ပြည်နယ်/တိုင်းများ၏ ရေကြော၊ မြေကြောများကို တစ်သွေးတည်း၊ တစ်သားတည်း ဆက်စပ်သွားအောင် ယခုကဲ့သို့ လမ်းများ၊တံတားများ တည်ဆောက်ပေးနေခြင်းဖြစ်သည်။ ဤသို့ဖြင့် ရခိုင်ပြည်နယ်သည် ကုန်းလမ်းထွက်ပေါက်များ ခိုင်ခိုင်မာမာရသွားသည်။ ကချင်ပြည်နယ်၌လည်း ရထားလမ်းအပြင် အားထားဆက်သွယ်နိုင်သည့် ကားလမ်းထွက်ပေါက်များ တိုးချဲ့ဖြစ်ပေါ်လာသည်။ ရေလမ်းခရီးကိုသာ အားကိုးနေရသည့် ဧရာဝတီတိုင်း၏ ကုန်းလမ်းကြောင်းသစ်များသည်လည်း တံတားကြီးများနှင့်အတူ အထင်အရှား ပေါ်ထွက်လာသည်။ ရန်ကုန်မှ ပုသိမ်သို့ မော်တော်ယာဉ်ဖြင့် သုံးနာရီကျော်မျှနှင့် ခရီးပေါက်သဖြင့် ငွေဆောင်နှင့် ချောင်းသာကမ်းခြေများသို့ နေ့လယ်စာ စားချိန်အမီ သွားရောက်နိုင်ပြီဖြစ်သည်။ တိုင်းအတွင်းရှိ မြို့နယ်အားလုံးနီးပါးကို မော်တော်ကားဖြင့် အချိန်တိုအတွင်း အရောက်သွားနေကြသည်မှာလည်း ကိုယ်တွေ့မျက်မြင်ဖြစ်သည်။ ယင်းသို့ တည်ဆောက်အောင်မြင်မှုများသည် ပြည်သူလူထုကို လက်တွေ့အကျိုးပြုသည့် ကောင်းမှုကောင်းကျိုးများဖြစ်သည်ဆိုသည်မှာ ငြင်းပယ်၍မရသော ပကတိအရှိတရား ဖြစ်သည်။

ကားလမ်း၊ ရထားလမ်းများသာမက ခေတ်မီလေယာဉ်ကွင်းသစ်များရော၊ နယ်စပ်ဒေသအထိ လွှမ်းခြုံဆက်သွယ်နိုင်သည့် အဆင့်မြင့် တယ်လီဖုန်းစနစ်ကိုပါ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ခေတ်မီ နိုင်ငံတော်အတွက် လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများ ပြည့်စုံလုနီးပါး ထူထောင်ပေးထားနိုင်ပြီဟု ထပ်လောင်း၍ မော်ကွန်းမှတ်တမ်းပြုအပ်ပေသည်။ ။



တိုင်းရင်းသားပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်သွယ်မှုကို တိုးတက်ဖော်ဆောင်နိုင်မည့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးပေါ်ရှိ မင်းကြောင်းတံတားကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)




# ပန်းတနော်မြို့နယ် ကျုံခရင်ကျေးလက်တံတားသစ်ဖွင့် ဒေသခံပြည်သူများ သွားလာရေးလွယ်ကူချောမွေ့လာ

ရန်ကုန် စက်တင်ဘာ ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၁၀ရက် မွန်းလွဲ၁၂နာရီခွဲက ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကျုံခရင်ကျေးလက်တံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်သန်းလွင်က ကျုံခရင်သစ်သားတံတားသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တံတားတည်ဆောက်ပြီးစီးဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား အင်းတကောကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ရပ်မိရပ်ဖ ဦးသန်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ကျုံခရင်သစ်သား တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

## လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တံတားသစ်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး အင်းမ–အင်းတကော–ခရေကန်–ခနော်လမ်းရှိ အင်းမမှ သရက်တောကျေးရွာအထိ အရှည်တစ်မိုင် လေးဖာလုံကျောက်ချောလမ်းခင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

အဆိုပါ ကျုံခရင် ကျေးလက်သစ်သား တံတားမှာ အရှည်၁၀၈ပေ၊ အကျယ် ၁၂ပေ၊ အမြင့်၁၅ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာနက ရန်ပုံငွေကျပ် ၁၇၄သိန်းဖြင့်လည်းကောင်း၊ အင်းမ – အင်းတကော – ခရေကန်–ခနော်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ငွေကျပ်သိန်း၂၀၀ ဖြင့်လည်းကောင်း၊ ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ တံတားပြီးစီးသွားသည့်အတွက် အင်းမ၊ခရေကန်၊ ခနော်၊ ဆင်လမ်းကြီး၊ အင်းတကောကျေးရွာအုပ်စုငါးအုပ်စု၊ ကျေးရွာပေါင်း ၄၆ ရွာ၊ အိမ်ခြေ၄၀၇၈လုံး၊ အိမ်ထောင်စု ၄၀၇၈စုနှင့် လူဦးရေ ၂၄၂၈၈ဦးတို့က လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် အကျိုးကျေးဇူးများတိုက်ရိုက် ခံစားရပြီး လက်ပံကုန်း၊ ကျုံတုံးကလေး ကျေးရွာအုပ်စုနှင့် ဆပ်သေကျေးရွာ အုပ်စု သုံးအုပ်စုမှ ကျေးရွာ၂၇ရွာ၊ အိမ်ခြေ၁၄၇၉လုံး၊ အိမ်ထောင်စု ၁၄၃၆ စုနှင့် လူဦးရေ ၆၆၇၁ဦးတို့မှာ သွယ်ဝိုက် အကျိုးခံစားရမှာဖြစ်ပြီး ကျုံပျော်မြို့နယ်သို့ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

## အကျယ်တဝင့်ရှင်းလင်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အင်းတကော၊ ခနော်၊ ခရေကန်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှုများအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အိမ်မဲမြို့ အနော်ရထာလမ်းမကြီး ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာအုပ်စု ကွယ်လွယ်ကျေးရွာအဝင် လမ်းအရှည် ပေ၁၃၇၀ x ၁၂ပေ x ၇လက်မ ကတ္တရာခင်း ဆောင်ရွက်နေမှုအား စစ်ဆေးကြည့်ရှုကာ လိုအပ်သည်များမှာကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။ အဆိုပါ လမ်းပြီးစီးပါက ကွယ်လွယ်စံပြကျေးရွာရှိ အိမ်ခြေ ၁၃၅၇လုံး၊ အိမ်ထောင်စု ၁၃၇၄စု၊လူဦးရေ ၆၈၇၂ဦး တို့အတွက် လမ်းပန်း ဆက်သွယ်မှု ချောမွေ့ကောင်းမွန်မည် ဖြစ်သည်။

## တက်ရောက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မြောင်းမြမြို့ ကမ်းနားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် လမ်းသစ်အားမြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်း၊ ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်အား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းမှာ အရှည် ၈၂၁ ပေ x ၁၂ ပေဖြစ်ပြီး မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် ဆောင်ရွက်ခဲ့ကာ လမ်းပြီးစီးသွားသဖြင့် ပြည်သူများ သွားလာရေး လွယ်ကူ ချောမွေ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၁

**ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၉)ကို ယနေ့ဖြန့်ချိလိုက်သည်။** (အောက်ပုံ)



ချမ်းမြဆောင်း(ကလော)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ပွင့်မွန်မွန်သိမ်း၊ ဘွင်းဘွင်း၊ ညိုဘန်း(လေးဝတီ)၊ နိုင်ဆွေ(ခရမ်း)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ဝင့်ဝါထွန်း(ဂန္ထဝင်ကုန်း)၊ ထွန်းထွန်း (သာယာဝတီ)၊ ကြည်ထွန်း(ကျောက်ပန်းတောင်း)၊ တိုးဝေ၊ မျိုးမြတ်မြတ်မြင့်မောင်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ ပခုက္ကူဦးအုံးဖေ၊ ဒေါက်တာခင်မောင်ညွန့်၊ ဆရာစံတင်အောင်(ရွှေဘို)၊ ဇင်မင်း(သမိန်ထော)၊ ပြင်ဦးလွင်ချစ်ဆွေ၊ အောင်မြင့်မြတ်(ပြည်ရွှေဘို)၊ ဒေါက်တာလှဖေ၊ နေမျိုးသန့်၊ သပြေဆွေမြင့်၊ မောင်နီမြင့်(ပင်လယ်)၊ ခင်အေး(စက်မှု)၊ လှိုင်မြင့်ဦး၊ ဆရာဓမ္မပါလ၊ တင်ရီမ(ညောင်ဦး)၊ မြဟန်သိန်းမောင်၊ ပင်ချစ်သူ(မြန်မာစာ)၊သိန်းဇော်(ရွှေလီဦး)၊ နီငြိမ်း (အညာတက္ကသိုလ်)တို့၏ ဆောင်းပါးများ၊ ရင်ရင်မော် (အာမခံ)၊ မနွယ်(ကလော)၊ ထွေးကြည်(သလ္လာဝတီ)၊ စိုး(မူဆယ်)၊ မသန်းလွင်(ဟဲဟိုး)၊ မကျည်းတန်(လှိုင်ကော်)၊ ဝင်းသစ္စာ(သမ္ဘုလ)၊ ခိုင်လွင်ဦး(ထီးဆောင်း)၊မရူပါ(သုံးဆယ်)တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ရိုးရာ ဆို၊က၊ရေး၊တီးပြိုင်ပွဲဝင်များ အမည်စာရင်းနှင့် ကိုယ်ရေးရာဇဝင်ပုံစံများ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီသို့ပေးပို့ရန် နှိုးဆော်

နေပြည်တော် စက်တင်ဘာ ၁၁

**၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ၏ အမည်စာရင်းနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို ဓာတ်ပုံနှင့်အတူ စက်တင်ဘာ ၁၃ရက်အရောက် ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီသို့ပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။** (သတင်းစဉ်)




# မြောက်ဥက္ကလာပမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

**ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အခမ်းအနားကို စက်တင်ဘာ ၁၀ရက် မွန်းလွဲ ၂နာရီခွဲက မြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ တိုင်းအလုပ်အမှုဆောင် ဦးတင်လှိုင်နှင့် ဦးတင်အောင်၊ ခရိုင်အလုပ်အမှုဆောင် ဦးအောင်ကျော်မိုး၊ မြို့နယ်အတွင်းရေးမှူး ဦးကျော်ကျော်စိုးနှင့် မြို့နယ် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။**

## ပြန်လည်ပေးအပ်

ရှေးဦးစွာ တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ပညာရည်ထူးချွန်ဆုရရှိသူများ၊ သွေးလှူရှင်ထူးချွန်ဆုရရှိသူများ၊ စည်းရုံးရေးထူးချွန်ဆုရရှိသူ အသင်းဝင်များအား တိုင်းတွဲဖက် အတွင်းရေးမှူး ဦးသာဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ကြသည်။ ယင်းနောက် စေတနာအလှူရှင်များက အသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းတွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

## ကျင်းပ

ယင်းနောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို ဆက်လက်ကျင်းပခဲ့သည်။ **(မြန်မာ့အလင်း)**

# စပါးစံကွက်ရိတ်သိမ်းပွဲ မြန်အောင်မြို့နယ်၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ကျောက်တန်းကျေးရွာ ကွင်းအမှတ် (၁၄၈၁)ရှိ တောင်သူဦးတင်မောင်၏ လယ်မြေ၌ တစ်မိုးနှစ်သီးပထမစပါး အိုင်အာရ်(၇၄၇)စပါးမျိုးကို ဟသ်ာတခရိုင်နှင့် မြန်အောင်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ်၂၉ရက်တွင် ကွင်းဆင်းပြီး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း၁၀၂ ဒသမ ၆၅တင်း ထွက်ရှိခဲ့သည်။

အဆိုပါ တောင်သူဦးတင်မောင်၏ လယ်မြေ၌ တစ်မိုးနှစ်သီး ဒုတိယစပါးကို ထွန်းသီရိ စပါးမျိုးဖြင့် ချက်ချင်း ထွန်ယက်စိုက်ပျိုးသွားပြီး နပွတီးကျေးရွာအုပ်စုအတွင်းရှိ တစ်မိုးနှစ်သီး ပထမစပါး၂၂ဧကကိုလည်း အမြန်ဆုံး ရိတ်သိမ်း၍ ဒုတိယစပါး ပြန်လည်စိုက်ပျိုးရန် ဒေသခံ တောင်သူများအား ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မြှင့်တင်ရေးအဖွဲ့တို့က ကွင်းဆင်းစည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် တိုက် ၇ အခန်း ၂၀၂ လိပ်ကန်လမ်း ပုဇွန်တောင်မြို့နယ်နေ မောင်မျိုးကိုကို–မစုလှိုင်ဝင်းတို့၏သမီး မခင်ထက်ထက်ကျော်၏ လေးနှစ်ပြည့်မွေးနေ့မင်္ဂလာအတွက် အဘွား ဒေါ်ခင်စန်း၏ အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သံဃာတော်များအား မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ မြန်မာ့ အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုတို့က(၁၂)ကြိမ်မြောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ နာယက ဆရာတော်နှင့် သင်ကြားစီမံဆရာတော်အပါအဝင် စာသင်သား သံဃာတော်အပါး ၄၅၀တို့အား တစ်နေ့တာ ဆွမ်း ဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ၉ရက် နံနက် ၁၀နာရီက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပသည်။**

**ငါးပါးသီလခံယူ**

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာ



ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဇနီး ဒေါ်သောင်းရီတို့က လှူဖွယ်ပစ္စည်း များကို ဆက်ကပ် လှူဒါန်းကြ သည်။ **(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် တစ်နေ့တာ ဆွမ်း အလှူတော်ငွေကျပ် ၆၉၃၀၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၃၂၀၀၀ စုစုပေါင်းကျပ် ၇၂၅၀၀၀ကို မြန်မာ့အာမခံလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အောင် ကြည်က လက်ခံရယူသည်။

**ဆွမ်းဆက်ကပ်**

ထို့နောက် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ အဆိုပါ ဆက်ကပ်လှူဒါန်းပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ မြန်မာ့အာမခံလုပ်ငန်း အရာထမ်း၊ ဝန်ထမ်းများနှင့် ဧည့်သည် တော်များ တက်ရောက်ကြည်ညို ကြသည်။ **(သတင်းစဉ်)**



ကွယ်လွန်သူ မိခင်၊ ဖခင်များဖြစ်ကြသော ဦးဝေါ(လ်)နတ်–ဒေါ်သန်းကြွယ်တို့အား ရည်စူး၍ ရန်ကုန်မြို့ အရှေ့ရန်ကင်း အမှတ် (၂၆၇) အခန်း(၁၆)နေ ဦးစိုးပိုင် နှင့် မောင်နှမ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်း ဆွမ်းပဒေသာပင်(၁၀)ပင်အတွက်အလှူတော်ငွေကျပ်တစ်သိန်းကိုအနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ္တစ္စထံရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# သုံးခွမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် စည်းဝေး ကျေးလက်ဖွံ့ဖြိုးရေး စွမ်းစွမ်းတမံဆောင်ရွက်သော အသင်းဝင်များဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် စက်တင်ဘာ ၈ရက် နံနက် ၈နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အားကစားခန်းမ၌ ကျင်းပသည့် သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)သို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။**

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အမှာစကားပြော ကြားသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ထို့နောက် ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်နှင့် ရန်ကုန်တိုင်း ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးအောင်မြင့်တို့က ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် လေးဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၉ဦးတို့အား လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အသင်းတွဲဖက် အတွင်းရေးမှူး ဦးတင့်ခိုင်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံ ကြိုးစား ဆောင်ရွက်ခဲ့ကြသော ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအား လည်း ကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

**အလှူငွေပေးအပ်**

ယင်းနောက် ဗဟိုအလုပ်အမှု ဆောင်ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က သုံးခွမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း



အတွက် ကွန်ပျူတာတစ်စုံနှင့် သုတ စာအုပ်များကိုလည်းကောင်း၊ သုံးခွမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်းများ စိမ်းလန်းစိုပြည်ရေးအတွက် အလှူငွေ ကျပ်တစ်သိန်းစီတို့ကို လည်းကောင်း ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူ များက လက်ခံကြသည်။ ဆက် လက်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူ ရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ အသင်းအတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက လက်ခံသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်သည် မွန်းလွဲပိုင်းတွင် သုံးခွ မြို့နယ် ပုလဲစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူလေး များက ကြိုဆိုကြသည်။

**ကွန်ပျူတာတစ်စုံလှူဒါန်း**

ထို့နောက် ကျောင်းအုပ်ကြီး ရုံးခန်း၌ ဝန်ကြီးက ကျောင်းအတွက် ကွန်ပျူတာ တစ်စုံ **(အပေါ်ပုံ)** နှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်း စာကြည့်တိုက်နှင့် ကျေးရွာစာကြည့် တိုက်တို့အတွက် သုတစာအုပ်များကို ပေးအပ် လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ခင်နှင့် ရပ်မိ ရပ်ဖတစ်ဦးတို့က လက်ခံယူကြသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မြန်မာပြည်အရပ်ရပ်သို့ကုန်စည်ပို့ဆောင်မှု မြစ်ငယ်–ထုံးဘို ဖြတ်လမ်းမှသွားခြင်းဖြင့် လွယ်ကူ မြန်ဆန်စေမည်





ရန်ကုန် စက်တင်ဘာ ၁၁

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၂၄ရက် မွန်းလွဲ ၁နာရီခွဲက အောင်မြေသာစံမြို့နယ် ၈၁လမ်း၊ ၁၈လမ်းနှင့် ၁၉လမ်းကြား ကတ္တရာဖျန်းယာဉ်ဖြင့် ကတ္တရာ လမ်းခင်းနေမှု၊ သင်္ဘောချောင်းဝန်းကျင်နှင့် အမရပူရမြို့နယ် တောင်သမန်ကန်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် အေးရှားဝေါလ်ကုမ္ပဏီ လီမိတက်မှ တာဝန်ယူဖောက်လုပ်လျက်ရှိသော မြစ်ငယ်–ထုံးဘိုဖြတ်လမ်း ဖောက်လုပ်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၈၁လမ်း၊ ၁၈လမ်းနှင့် ၁၉လမ်းကြားတွင် ကတ္တရာဖျန်းယာဉ်ဖြင့် ကတ္တရာခင်းခြင်း လုပ်ငန်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူး ဦးအောင်စိုးက မန္တလေးမြို့ပေါ်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သင်္ဘောချောင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို သင်္ဘောချောင်း အရှေ့ဘက်မှ ကန်တော်ကြီးနယ်မြေအထိ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်ကြီးဝန်းကျင် သာယာ လှပရေးဆောင်ရွက်ထားရှိမှုများနှင့် တောင်သမန်ကန်ပတ်လမ်း အဆင့်မြှင့် ဆောင်ရွက်ထားရှိမှုများ၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်အတွင်း ရေများ စီးဆင်းဝင်ရောက်မှု၊ လမ်းသားများ ခိုင်ခံ့မှုအခြေအနေတို့ကို မော်တော်ယာဉ် ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အေးရှားဝေါလ်ကုမ္ပဏီ လီမိတက် လမ်းတံတားအထူးဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသော မြစ်ငယ်–ထုံးဘိုဖြတ်လမ်း(မန္တလေးမြို့ ရှောင်လမ်း) ဖောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် လမ်းတံတား အထူး ဖောက်လုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက မြေညှိစက်၊ မြေထိုးစက်၊ မြေကော်စက်များဖြင့် လမ်းသားခိုင်မာကောင်း မွန်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မြစ်ငယ်–ထုံးဘိုဖြတ်လမ်း မိုင်တိုင် အမှတ် (၉/၀)မှ (၉/၃)အထိ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ စက်ယန္တရား ကြီးများဖြင့် လမ်းဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲပုံ)** မြို့တော်ဝန်က ဤလမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မြန်မာပြည်အရပ်ရပ်ရှိ မြို့ကြီးများသို့ ကုန်စည်ကူးသန်းသွားလာရာတွင် မန္တလေးမြို့သို့ ဝင်ရောက်ရန် မလိုဘဲ မြစ်ငယ်–ထုံးဘိုဖြတ်လမ်းမှ သွားလာခြင်းဖြင့် ကုန်စည်စီးဆင်းမှုလွယ်ကူ မြန်ဆန်စေမှုကိုအထောက်အကူပြုသောကြောင့်လမ်းအရည်အသွေး ကောင်းမွန်ရေး၊ ရေရှည်ခိုင်ခံ့ရေးအတွက် ဆောင်ရွက်သွားရန် မှာကြားကာ လုပ်ငန်း လိုအပ် ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**



## ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံဆရာတော်များနှင့် သင်တန်းသား သံဃာတော် အပါး ၄၅၀ တို့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီးနှင့် ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ အကြီးအကဲများက ဒုတိယ နာယကချုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ထို့နောက် တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ် ၅၁၀၀၀၀ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အောင်ကြည် **(အပေါ်ပုံ)**က လက်ခံရယူပြီးနောက် ဆရာတော်ထံမှ ပရိသတ်တို့က သာဓုအနုမောဒနာ နာယူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

**၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး)နှင့် (င)အုပ်စု တပခဇုန် (တောင်ငူ)တို့တွင် စက်တင်ဘာ ၁၃ရက် ညနေပိုင်းမှစတင်၍ စက်တင်ဘာ ၂၂ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

## ရွှာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



**အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဂဓ တက္ကသိုလ်အနီးတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူနိုင်ရန် မကြာမီဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် အမှတ် ၃၀၇ ဗညားဒလလမ်းနှင့် ၁၄၄ လမ်းထောင့် တာမွေမြို့နယ်နေ အလှူရှင် ဦးမောင်မောင်သောင်း–ဒေါ်စုစုနှင့် သား၊ သမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ၁၅၀၀၀၀ ကို အကျိုးတော်ဆောင် ဒေါ်မြစိန်ထံ အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်ဦးလှမြင့်ဦး ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာ အာဆီယံ နိုင်ငံ့ဝန်ထမ်းအစည်းအဝေးတက်ရောက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၁**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးလှမြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရန်ရိမြို့၌ စက်တင်ဘာ ၅ရက်မှ ၆ရက်အထိ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီး၏နည်းပညာအစည်းအဝေးနှင့် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ရုံးအဖွဲ့မှူး ဦးထွဏ်းကြည်တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

**ပြန်လည်လိုက်ပါလာ**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သဃ်န်းကျွန်းမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ထူးချွန်သူများအား ဆုပေးအပ်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၁

**ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက်၉နာရီက သဃ်န်းကျွန်းပညာရေးကောလိပ် ပညာနေခြည်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**



**ဆုချီးမြှင့်**

ဆက်လက်၍ တိုင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အသင်း အလုပ်အမှုဆောင်များ၊ မြို့နယ် ဥက္ကဋ္ဌ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူတို့က အသင်းဝင်ထူးချွန်တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ၊ ငါးဘာသာနှင့် လေးဘာသာ ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်ထူးချွန် ကျောင်းသူ ကျောင်းသား ၆၅ဦးတို့အား ထူးချွန်ဆုများချီးမြှင့်ကြသည်။

**လှူဒါန်း**

ယင်းနောက် မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေက ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ငမိုးရိပ်ရပ်ကွက် စည်းရုံးရေးမှူး ဦးအေးသန်း၊ တွဲဖက်စည်းရုံးရေးမှူး ဒေါ်ကြူကြူ **(ဝဲပုံ)** တို့နှင့် အခြားရပ်ကွက် စည်းရုံးရေးမှူးများအား စွမ်းဆောင်ရည်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များ လှူဒါန်းကြသော အလှူငွေများကို လက်ခံယူသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ (၂၀၀၆)သင်းလုံးကျွတ် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များ ဆက်လက်ကျင်းပရာ သဘာပတိ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဌေးက အမှာစကားပြောကြားပြီး ရပ်ကွက်အသင်းများမှ ကိုယ်စားလှယ်များက ရေးရာအလိုက် အစီရင်ခံစာများ တင်သွင်းခြင်း၊ သုံးသပ်ဆွေးနွေးခြင်းများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**(ဝ၅၂)**

**စက်တင်ဘာ ၁၀ ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ၊ (၁၀)ကြိမ် အမျိုးသမီး တံခွန်စိုက် အလေးမပြိုင်ပွဲနှင့် ၂၀၀၆ခုနှစ်အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဆုပေးပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (လူထု/ပညာဌာနခွဲ) ဦးဉာဏ်ထွန်းက ပထမဆုဆွတ်ခူးသည့် ရန်ကုန်တိုင်း အသင်း အုပ်ချုပ်သူ ဦးအောင်ခိုင်(စိုးမိုးကျော်)အား စုပေါင်းတံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။**

(က–ပ)



## ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်ပြန်လည်ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၁၁**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးနှင့် အသင်းအလုပ်အမှုဆောင် ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

**ပါဝင်**

အခမ်းအနားတွင် သဘာပတိ မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးငွေစိုးက အမှာစကားပြောကြားပြီး မြို့နယ်အသင်းအမှုဆောင်ဟောင်းများ နုတ်ထွက်ကြောင်းကို ကြေညာ၍ အလုပ်အမှုဆောင်ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးသန်းလွင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကိုကိုကျော်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးမြင့်ဆွေ (အိုးအိမ်)၊ ဒုတိယဥက္ကဋ္ဌ (၃) ဦးမြင့်လှိုင်၊ အတွင်းရေးမှူး ဦးအေးလွင်၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် (၁) ဦးဝင်းကြိုင်၊ (၂) ဦးခင်မောင်ဦး၊ (၃) ဦးအေးကို၊ ဘဏ္ဍာရေးမှူး ဦးသန်းငြိမ်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသောင်းတင်၊ ပြန်ကြားရေးမှူး ဦးစိုးမြင့် (ခရမ်း–စိုးမြင့်)၊ တွဲဖက်ပြန်ကြားရေးမှူး ဦးအောင်သန်းဝင်း၊ စာရင်းစစ်နှစ်ဦး၊ စည်းရုံးရေးမှူး ခြောက်ဦးနှင့် အမှုဆောင် ၁၆ ဦး စုစုပေါင်း ၃၆ ဦးတို့ပါဝင်ကြသည်။

**နှုတ်ခွန်းဆက်**

ထို့နောက် မြို့နယ်အသင်း နာယကနှင့် ဂုဏ်ထူးဆောင်နာယကများ ရွေးချယ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များအနက်မှ မြို့နယ်အသင်းရုံးခန်း ရရှိရေးနှင့် အလှူငွေကောက်ခံရရှိရေးအတွက် ဆပ်ကော်မတီများ ဖွဲ့စည်းပေးခြင်းများ ဆောင်ရွက်ပေးကြပြီး ဥက္ကဋ္ဌ ဦးသန်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# စပိန်လာလီဂါပွဲစဉ်(၂)ဆက်လက်ယှဉ်ပြိုင် နစ္စတယ်ရွိုင်း သုံးဂိုးသွင်းပြီး ရီးရဲမက်ဒရစ်အတွက်နိုင်ပွဲယူပေး

ခုခည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် စက်တင်ဘာ ၁၁

**စပိန်လာလီဂါပွဲစဉ်(၂)ကို စက်တင်ဘာ၁၀ရက်က ဆက်လက်ကစားရာ ရီးရဲမက်ဒရစ်၊ ရီးရဲဘက်တစ်၊ ဆဲလ်တာဗီဂို၊ အက်ဖ်စီဆီဗီလာ၊ ရီခရီယေးတီဗိုနှင့် ရီးရဲဇာရာဂိုဇာတို့ နိုင်ပွဲများရရှိခဲ့ကြပြီး မာလော့ကာနှင့် ဒီပို့တီဗိုတို့ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ကြသည်။**



**ရီးရဲမက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရွိုင်း(ဝဲ) ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**လီဗန်တေးနှင့် ရီးရဲမက်ဒရစ်**

အိမ်ကွင်း၌ လာလီဂါအဖွင့်ပွဲစဉ်တွင် သရေပွဲကြုံတွေ့ခဲ့သည့် ရီးရဲမက်ဒရစ်တို့ အဝေးကွင်း၌ လီဗန်တေးကို လေးဂိုးအထိသွင်းယူနိုင်ခဲ့သည်။ မန်ယူ တိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းက ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၆မိနစ်၊ ၅၇မိနစ်နှင့် မိနစ် ၉၀တို့တွင် တစ်ဦးတည်း သုံးဂိုးသွင်းပြီး ဟက်ထရစ်ရယူနိုင်ခဲ့သည်။

နစ္စတယ်ရွိုင်းသည် ၈၆မိနစ်၌ ရရှိသော ပယ်နယ်တီပြစ်ဒဏ်ဘောကို ဂိုးဝင်အောင် မကန်သွင်းနိုင်ခဲ့၍သာ တစ်ဦးတည်း လေးဂိုးမသွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့အတူကက်ဆာနိုကလည်း ပွဲချိန် ၂၇မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့၍ ရီးရဲမက်ဒရစ်တို့ လေးဂိုးရရှိကာ လီဗန်တေး၏ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် ကွင်းလယ်ကစားသမား ဖီလပ်စ်အက်တင်က သွင်းယူခဲ့၍ လေးဂိုး-တစ်ဂိုးဖြင့် လီဗန်တေးတို့ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ယခုပွဲတွင် ရီးရဲမက်ဒရစ် တိုက်စစ်၌ နစ္စတယ်ရွိုင်း၊ ရာအူးလ်နှင့် ကက်ဆာနိုတို့အတွဲကို ထည့်သွင်းကစားခဲ့ရာ လီဗန်တေး နောက်တန်းမထိန်းနိုင်ဘဲ ဂိုးပေးခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ၌ လီဗန်တေးမှ ဒေဟူနှင့် ကမာချိုတို့ ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် အနီကတ်ပြအထုတ်ခံခဲ့ရရာ ကိုးဦးတည်းနှင့် ကစားခဲ့ရသည်။ ရီးရဲမက်ဒရစ်သည် နှစ်ပွဲ ကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိကာ လောလောဆယ် တန်းစီဇယား အဆင့်ငါး၌ ရပ်တည်နေသည်။

**ဂီတာဖေးနှင့်ရေးဆင်း**

ခြေတက်နေသော ဂီတာဖေးတို့ နှစ်ပွဲကစား နှစ်ပွဲစလုံးအနိုင်ရရှိထားသည်။ အဝေးကွင်းဖြစ်သော်လည်း ရေးဆင်းတို့က အတင်းဝင်၊ အတင်းထွက် ကစားသဖြင့် ပထမပိုင်းပွဲချိန်ပြီးသည်အထိ ဂီတာဖေးတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

ဂီတာဖေးတို့ ဂိုးသွင်းခွင့် ၁၄ ကြိမ် ရရှိခဲ့ပြီး သုံးကြိမ် အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးမှာ ပွဲချိန် မိနစ်၆၀၌ ဂီတာဖေး တိုက်စစ်မှူး ရိုင်ဇာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရေးဆင်းတို့ ချေပဂိုးရရှိရေး ကြိုးစားရာ ရှုဘင်၊ ပီနီလော့စ်၊ မူနီတေးစ်နှင့် ဗီတိုလိုတို့ အဝါကတ်အထိခံခဲ့ရသည်မှလွဲပြီးဂိုးပြန်မသွင်းနိုင်ခဲ့သဖြင့်တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

**မာလော့ကာနှင့် ဒီပို့တီဗို**

နှစ်ပွဲကစား တစ်ပွဲမျှနိုင်ပွဲမရသေးသော မာလော့ကာတို့ အိမ်ကွင်း၌ သရေပွဲကြုံခဲ့ရသည်။ အဝေးကွင်း၌ မမျှော်လင့်ဘဲခြေစွမ်းပြနေသည့် ဒီပို့တီဗိုတို့ကြောင့် မာလော့ကာတို့ သရေပွဲဖြစ်အောင်ကြိုးစားကစားခဲ့ရသည်။ မာလော့ကာ တိုက်စစ်မှူး လိုပက်ဇ်နှင့် တူနီတို့ ဂိုးသွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့သလို ဒီပို့တီဗို တိုက်စစ်မှူး ဂျာဗီရားနှင့် အိုင်ဗင်ရီကီတို့ အပိုင်ကန်ချက်များကို မာလော့ကာ ဂိုးသမားကာကွယ်နိုင်ခဲ့၍ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရသည်။

**ရီးရဲဇာရာဂိုဇာနှင့် အက်စပန်ညို**

ဇာရာဂိုဇာတို့ အိမ်ကွင်း၌ နိုင်ပွဲစခဲ့ပြီ ဖြစ်သည်။ ရီးရဲဇာရာဂိုဇာ တိုက်စစ်မှူး မီလီတိုနှင့် အိဝါသွန်တို့ကို အက်စပန်ညို နောက်တန်းခံစစ်မှူးများ မထိန်းနိုင်ခဲ့သဖြင့် ဂိုးများပေးခဲ့ရခြင်း ဖြစ်သည်။ အိမ်ကွင်း၌ အနိုင်ရလိုမှုဇောကြောင့် တွန်းတွန်း တိုက်တိုက် ကစားခဲ့သော ဇာရာဂိုဇာ ကွင်းလယ်ကစားသမား ပွန်ဇီရို လည်း ၃၁မိနစ်တွင် အနီကတ်ပြ အထုတ်ခံခဲ့ရ၍ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။ ၁၀ဦးတည်းနှင့် ကစားခဲ့သော်လည်း ဇာရာဂိုဇာ ကွင်းလယ် ကစားသမား မီလီတိုက ၃၇မိနစ်တွင် တစ်ဂိုး၊ ၈၁မိနစ်တွင် တစ်ဂိုးနှင့် ဂွန်ဇာလက်အိုစကာက ၈၃မိနစ်၌ တစ်ဂိုးသွင်းယူခဲ့၍ ဇာရာဂိုဇာတို့ သုံးဂိုးပြတ် အနိုင်ရရှိသွားခဲ့ခြင်း ဖြစ်သည်။**(အင်တာနက်)**

| အခြားပွဲရလဒ်များ | | | | |
|---|---|---|---|---|
| ရီးရဲဘက်တစ် | ၃ | - | ၀ | ဘီလ်ဘာအို |
| ဂျင်နက်စတစ် | ၁ | - | ၂ | ဆဲလ်တာဗီဂို |
| ရီးရဲဆိုစီဒက် | ၁ | - | ၃ | အက်စ်စီဆီဗီလာ |
| ဗီလာရီးရဲ | ၀ | - | ၁ | ရီခရီယေးတီဗို |

**အက်စပန်ညိုမှ ဂါစီယာ(ဝဲ)၏ ထိုးဖောက်ကစားမှုကို ဇာရာဂိုဇာမှ မိုဗီလာဟန့်တားခဲ့စဉ်။** (ဓာတ်ပုံ-အင်တာနက်)



# ကမ္ဘာတစ်လွှား အားကစား

## ဝက်စ်ဟမ်းနှင့်ဗီလာသရေကျပြီး တစ်မှတ်စီယူ

ရေးသားတင်ပြသူ
မြင့်မောင်ခိုး



**ဝက်စ်ဟမ်းအသင်းအတွက် ဂိုးသွင်းပြီး အောင်ပွဲခံနေသော ဇာမိုရာ။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၁၁**

ပရီမီယာလိဂ်ပွဲစဉ်(၄) လက်ကျန်ပွဲအဖြစ် ဝက်စ်ဟမ်းအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ စက်တင်ဘာ ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ဝက်စ်ဟမ်းအသင်းမှ မကြာမီက စာချုပ်လိုက်သော အာဂျင်တီးနားကစားသမား ကားလို့စ် တီဗက်ဇ်သည် ပထမဆုံး ပွဲထွက်လာနိုင်သော်လည်း ဇာမိုရာက ဝက်စ်ဟမ်းအတွက် တစ်ဂိုးသွင်းပြီး တစ်မှတ်ရယူပေးနိုင်ခဲ့သည်။

**ပို၍ကောင်းလာ**

ပွဲစပြီးလေးမိနစ်အတွင်းမှာပင် ပါဘလိုအိန်ဂျယ်က အက်စ်တွန်ဗီလာအသင်းအတွက် ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အိန်ဂျယ်သည် ခေါင်းတိုက် သွင်းယူရာ နှစ်ကြိမ် ဂိုးဘားတန်းထိ၍ ပြန်ထွက်လာသည်။ အက်စ်တွန်ဗီလာအသင်းသည် အဖွင့်ပွဲများကထက် ပို၍ ကောင်းလာသည်။

သို့ရာတွင် ကွန်ချက်စကီး ခေါင်းတိုက်ပေးသည့်ဘောလုံးမှ ဇာမိုရာက ဝက်စ်ဟမ်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

**လူစားပါဝင်**

တီဗက်ဇ်နှင့် ၎င်း၏ အာဂျင်တီးနားကစားဖော် မာရှေးရာနိုတို့သည် ယခုပွဲစဉ်တွင် လူစားအဖြစ်သာ ဝင်ကစားခွင့်ရခဲ့သည်။

အက်စ်တွန်ဗီလာအသင်းသည် လေးပွဲကစားအပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရှစ်မှတ်ရရှိထားသည်။ ဝက်စ်ဟမ်းအသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေဖြင့် ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

## စီးရီးအေအဖွင့်ပွဲစဉ်(၁) အေစီမီလန်နိုင်ပွဲခံ

**မီလန် စက်တင်ဘာ ၁၁**

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁)ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တွင် စတင်ကစားခဲ့ရာ ပွဲဦးထွက်ပြိုင်ပွဲအဖြစ် အေစီမီလန် အသင်းက လာဇီယိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ပွဲ ဖွင့်လိုက်သည်။

ပွဲစသည်နှင့် နှစ်သင်းစလုံးအနိုင်ဂိုးများ သွင်းနိုင်ရေး အကြိတ်အနယ် ထိုးဖောက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၂၆ မိနစ်တွင် အင်ဇာဂီက အေစီမီလန်အသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။

**ချေပဂိုး**

အေစီမီလန်အတွက် ဒုတိယ အနိုင်ဂိုးကို ဗီယာရာက ပွဲချိန် မိနစ် ၇၀ တွင် သွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် မက်ကင်ဝါက လာဇီယို အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။

**အသီးသီးအနိုင်ရ**

အခြားပွဲများအဖြစ် အတ္တလန်တာအသင်းက အက်စ်ကိုလီကို သုံးဂိုး-တစ်ဂိုး၊ ဆီယင်နာက ချီယေဗိုအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မက်ဆီနာအသင်းက အူဒီးနိစ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အမ်ပိုလီအသင်းက ဆမ်ဒိုးရီးယား အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပါလာမိုအသင်းက ရက်ဂျီးနားအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

**(အင်တာနက်)**

## ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ ချန်ပီယံများ

**စတုဂတ် စက်တင်ဘာ ၁၁**

ကမ္ဘာ့ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ကျင်းပလျက်ရှိရာ အမျိုးသမီး မီတာ ၈၀၀ ပြေးပွဲတွင် ကျူးဘားနိုင်ငံမှ ကမ္ဘာ့ချန်ပီယံ ဇူလီယာသည် တစ်မိနစ် ၅၉ဒသမ ၀၂ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကင်ညာနိုင်ငံသူ ဂျာနက်ဂျက်ကော့ဂျိုင်းက ဒုတိယ၊ မော်ရိုကိုမှ ဟတ်စနာဘန်ဟာစီက တတိယဆုဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားမီတာ ၃၀၀၀ တန်းကျော်ပြေးပွဲတွင် ကင်ညာနိုင်ငံမှ ပေါလ်ကို့ချ်က အနိုင်ရဗိုလ်စွဲနိုင်ခဲ့သည်။

အမျိုးသား လုံတံပစ် ပြိုင်ပွဲတွင် နော်ဝေနိုင်ငံမှ ဥရောပနှင့် အိုလံပစ်လက်ရှိချန်ပီယံ အင်ဒရပ်သော်ကစ်ဆင်က မီတာ၈၀ဒသမ ၅၀ ပစ်လွှတ်ပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ အမျိုးသမီး မီတာ ၁၀၀ ပြေးပွဲတွင် ဂျမေကာမှ ရှာရန်းဆမ်ဆွန်က ၁၀ ဒသမ ၈၉ စက္ကန့်ဖြင့် ဗိုလ်စွဲနိုင်ခဲ့သည်။

အမျိုးသား မီတာ ၂၀၀ ပြေးပွဲတွင် အမေရိကန်မှ တန်ဆန်ဂေးက ၁၉ ဒသမ ၆၈စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။

အီသီယိုးပီးယားမှ ဘီကေလီက အမျိုးသား မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

ရုရှားနိုင်ငံမှ အမျိုးသမီး တုတ်ထောက်ခုန်ချန်ပီယံ အစ်ဆင်ဘာရီဗာက ၄ ဒသမ၇၅မီတာခုန်ပြီး ဗိုလ်စွဲခဲ့သည်။ **(အင်တာနက်)**



**ကင်ညာနိုင်ငံသား ပေါလ်ကို့ချ်၏ မီတာ ၃၀၀၀တန်းကျော်ပြေးပွဲ ပါဝင်ယှဉ်ပြိုင်ဟန်။** (ဓာတ်ပုံ-အင်တာနက်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့ အား ကြိုဆိုနှုတ်ဆက်



**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin တို့ နေပြည်တော်လေဆိပ်ရှိ အလေးပြုခံ စင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)





**မြန်မာ့အလင်း** **ဆောင်းပါးအညွှန်း**

❒ ပြည်ထောင်စုအရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှ တောင်ဖျား ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွားလမ်းသာ၍ လာလမ်းဖြောင့်သည့် လမ်းပန်းဆက်သွယ်မှုကွန်ရက်ကြီး ချိတ်ဆက်ဖြစ်တည်လာနေသည်မှာ ထင်ရှားသည့် သမိုင်းမှတ်တိုင်ပင်ဖြစ်၏။



ဦးဇော်၏ နိုင်ငံတော်၏တိုင်းပြုပြည်ပြုသမိုင်းမှတ်တိုင်များ(၄) ဆောင်းပါး (စာ-၉)

12-9 (20) 1 9/12/06, 1:03 AM